# ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏၊ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အဂ္ဂဝဂ်(ဓမ္မပဒ-၁၅၇)


၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 September 2025 ၁၁၉၃၆


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။

# မင်းဘူး(စကု)မြို့နယ်ရှိ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်းဧရိယာတွင် မိုးစပါးနှင့် အခြားသီးနှံများအတွက် စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိ



**မင်းဘူး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်ရှိ ဒေသခံတောင်သူများ ယခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါးနှင့် အခြားသီးနှံများ စိုက်ပျိုးနိုင်ရန် ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာ၌ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့စိုက်ပျိုးရေများ ဖြန့်ဝေပေးရာတွင် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်) လက်အောက်ရှိ ကမ်းနီဆိုလာလျှပ်စစ်မြစ်ရေတင်လုပ်ငန်း စီမံကိန်းဧရိယာအတွင်း ဒေသခံတောင်သူများ သီးနှံစိုက်ပျိုးချိန်ရာသီအလိုက် စိုက်ပျိုးရေရရှိရေးအတွက် ခရိုင်နှင့် မြို့နယ်တာဝန်ခံအရာရှိများက အနီးကပ်ကြီးကြပ်၍ စနစ်တကျ ဖြန့်ဝေပေးလျက် ရှိကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၃ သို့ ➜


ယနေ့ ဖတ်စရာ

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း — စာမျက်နှာ ၃

သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း — ဆောင်းပါး စာမျက်နှာ ၆

ပဲခူးတက္ကသိုလ်၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် (၂၀၂၅) အတွေ့အကြုံစကားဝိုင်း ဆွေးနွေးပွဲအခမ်းအနား ကျင်းပ — စာမျက်နှာ ၁၁





ကြေးမုံ

# နိုင်ငံနှင့် ဒေသအကျိုးဖော်ဆောင်ရန်ဆန္ဒရှိပါက အစိုးရနှင့်တပ်မတော်က ကြိုဆိုလက်ခံမည်

၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် မဲစာရင်းမှားယွင်းမှုများနှင့် မဲမသမာမှုများကို စိစစ်တွေ့ရှိရသဖြင့် ဖြေရှင်းပေးရန် တောင်းဆိုမှုများကို ငြင်းဆန်ခဲ့ခြင်း၊ ပြည်ထောင်စုလွှတ်တော် အထူးအစည်းအဝေးခေါ်ယူပြီး ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုချက်ကို ငြင်းပယ်ခဲ့ခြင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာဆောင်ရွက်ပေးရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်း၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူ၍ တွေ့ဆုံဆွေးနွေးပေးပါရန် နှစ်ကြိမ်တိုင်တိုင် တင်ပြခဲ့သော်လည်း ဆောင်ရွက်ပေးမှုမရှိဘဲ မေတ္တာရပ်ခံတောင်းဆိုမှုအပေါ် ငြင်းပယ်ခဲ့ပြီး ပြဿနာဖြစ်ပွားနေသည့် ရွေးကောက်ပွဲရလဒ်ဖြင့်ပင် လွှတ်တော်ခေါ်ယူရန် အဓမ္မကြိုးပမ်းခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၇ အရ နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန်ကြိုးပမ်းမှုပင်ဖြစ်သည်။

ထိုသို့လုပ်ဆောင်မှုများသည် မဲမသမာမှုများရှိခဲ့၍သာ ပွင့်လင်းမြင်သာစွာ ချပြနိုင်ခြင်းမရှိသည်မှာ ပေါ်လွင်နေသည်။ ထို့အပြင် နိုင်ငံတော်အာဏာကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်းမှုတွင် ထိုစဉ်က နိုင်ငံတော်သမ္မတကိုယ်တိုင် ဦးဆောင်ပါဝင်ပတ်သက်မှုရှိခဲ့ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် တာဝန်အရ မဟုတ်သည့် ပုဂ္ဂလိကပြစ်မှုကျူးလွန်မှုများရှိခဲ့၍ အရေးယူခံရသည့်အချိန်လည်း ဖြစ်သည်။ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ယာယီသမ္မတက အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို နိုင်ငံတော်အာဏာ လွှဲအပ်ဆောင်ရွက်စေခဲ့ခြင်းဖြစ်သည်။

တပ်မတော်အနေဖြင့် မဲမသမာမှုများကို စိစစ်ဖော်ထုတ်၍ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ ပြန်လည်ကျင်းပပေးနိုင်ရေးအတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်အာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်ခဲ့သည်။ ယင်းကို ပြည်တွင်း၊ ပြည်ပက အထင်အမြင်လွဲမှားအောင်၊ တပ်မတော်က ဒီမိုကရေစီကို နောက်ပြန်ဆွဲသယောင် ဝါဒမှိုင်းတိုက်ကာ ၎င်းတို့သာ ရွေးကောက်ခံအစိုးရအဖြစ် ပုံဖော်လျက် NUG၊ CRPH တို့ကို တရားမဝင်ဖွဲ့စည်းခဲ့ကြပြီး ပြည်သူလူထုနှင့် လူငယ်လူရွယ်တို့ကို လွဲမှားသည့်မျှော်လင့်ချက်များပေးကာ အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်သို့ တွန်းပို့ခဲ့သည်။ NUG၊ CRPH တို့သည် PDF အမည်ခံအဖွဲ့များကို ဖွဲ့စည်းကာ လက်နက်၊ ခဲယမ်းရရှိရေးအတွက် အချို့သော EAO များလက်အောက်သို့ သွတ်သွင်းခဲ့ပြီး အချို့သော EAO များ၏ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခြင်း၊ နယ်မြေကျူးကျော် ချဲ့ထွင်ခြင်း စသည်တို့တွင် PDF များကို အသုံးချခံဘဝများအဖြစ် စတေးခဲ့သည်။

ယခုအခါ နိုင်ငံတော်အစိုးရက အိမ်နီးချင်းနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်နိုင်မှုများကြောင့် အချို့သော အကြမ်းဖက် EAO တို့သည် ရပ်တည်ရန်ခက်ခဲလာကြပြီး PDF အမည်ခံတို့သည်လည်း ပိုမိုအတိဒုက္ခရောက်လာကြသည်။ ဒီမိုကရေစီသည် ငြိမ်းချမ်းစွာ ညှိနှိုင်းအဖြေရှာခြင်းဖြစ်သည်။ ဒီမိုကရေစီကို နောက်ပြန်ဆွဲခြင်းသည် လက်နက်ကိုင်လမ်းစဉ်ကြောင့်ဖြစ်သည်ကို အမှန်အတိုင်းရှုမြင်ရန် အချိန်တန်ပြီဖြစ်သည်။ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာရေးကို မျှော်မှန်းကာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ရေး ပြည်ထောင်စုအကျိုးအတွက် ဖိတ်ခေါ်ချက်အရ နိုင်ငံတော်၏ စေတနာအမှန်ကို သိရှိနားလည်ပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသော PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အဖွဲ့ဝင်များကို မိဘအုပ်ထိန်းသူများထံ နွေးထွေးစွာ အပ်နှံပေးခဲ့ပြီးဖြစ်သည်။

ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးကို နိုင်ငံတော်အစိုးရ၊ ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံရေးပါတီများအပြင် PDF များကလည်း လိုလားကြပြီး ရည်မှန်းချက်ချင်းလည်း တူညီကြသည်။ ဒီမိုကရေစီအရေခြုံပြီး နိုင်ငံတော်အာဏာကို မက်မောကြသည့် NUG၊ CRPH တို့၏ လိုလားချက်မှာ ၎င်းတို့သာ ရွေးကောက်ခံအစိုးရဆိုသည့် ရပ်တည်ချက်မပျောက်ဆုံးရေးအတွက် အကြမ်းဖက်လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်နေခြင်းဖြစ်သည်။ PDF များကိုလည်း ၎င်းတို့၏ အသုံးချခံအဖြစ် လိမ်လည်လှည့်ဖြားနေခြင်းဖြစ်သည်။ ၎င်းတို့၏ နှောင့်ယှက်မှုများကြောင့်သာ ဒီမိုကရေစီခရီးလမ်း နှောင့်နှေးကြန့်ကြာနေခြင်းဖြစ်သည်။

သို့ဖြစ်ရာ PDF အမည်ခံများအပါအဝင် လက်နက်ကိုင်အုပ်စုများအနေဖြင့် မကြာမီတွင်ကျင်းပတော့မည့် ရွေးကောက်ပွဲကြီးအလွန် အားလုံးမျှော်မှန်းထားသည့် စစ်မှန်စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရေးကိုမျှော်မှန်းကာ နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့်လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်ရန် ဆန္ဒရှိပါက နိုင်ငံတော်အစိုးရနှင့် တပ်မတော်က ကြိုဆိုလက်ခံမည်ဖြစ်ပါကြောင်း။ ။

## လျှောင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် စက်တင်ဘာ ၉

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာ ခံစားခဲ့ရသော တိုင်းဒေသကြီး/ ပြည်နယ်ခြောက်ခုတို့တွင် ယနေ့အထိ သေဆုံးသူ ၃၈၁၇ ဦး၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ငါးဦး ရှိသည်။

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့အနေဖြင့် အပျက်အစီး ရှင်းလင်းရေးနှင့် ရှာဖွေကယ်ဆယ်ရေးများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ဖ၅၃ ဦးကို ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၈၀ ကို ရှာဖွေပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် ပြည်တွင်း၊ ပြည်ပမှ စေတနာရှင်အလှူရှင်များ၏ ကူညီထောက်ပံ့လှူဒါန်းပေးမှုများဖြင့် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မကွေးမြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အသိပညာပေး Talk Show ကျင်းပ

မကွေး စက်တင်ဘာ ၉

မကွေးတိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူးရုံးအစည်းဝေးခန်းမ၌ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ (World Ozone Day) အထိမ်းအမှတ် အသိပညာပေးTalk Show ကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ယခုနှစ် ဆောင်ပုဒ်ဖြစ်သည့် **From Science to Global Action– အိုဇုန်းလွှာကာကွယ်ရေး သိပ္ပံပညာဖြင့်တစ်ကမ္ဘာလုံး မြှင့်တင်ဆောင်ရွက်ပေးဟူသော ခေါင်းစဉ်**ဖြင့် အသိပညာပေး Talk Show ကို တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြတ်နိုးဝေနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာအောင်တို့က ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးဆိုင်ရာ သိကောင်းစရာများ၊ ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့ဖြစ်ပေါ်လာပုံအကြောင်း၊ အိုဇုန်း၏အဓိပ္ပာယ်၊ အိုဇုန်းလွှာပျက်စီးစေသည့် အကြောင်းအရင်းနှင့် အိုဇုန်းလွှာကိုပျက်စီးစေသော ဓာတုဒြပ်ပစ္စည်းများ၊ အိုဇုန်းလွှာမှ ကမ္ဘာမြေနှင့် သက်ရှိတို့အပေါ် အကျိုးပြုမှုများ၊ အိုဇုန်းလွှာမပျက်စီးရအောင် လူသားများ လိုက်နာရမည့်အချက်များ၊ လူသားများအား ကျန်းမာရေးဆိုင်ရာ ထိခိုက်မှုနှင့် မထိခိုက်အောင် လူသားများ လိုက်နာရမည့် ဆောင်ရန်ရှောင်ရန်အချက်များ၊ မြန်မာနိုင်ငံအနေဖြင့် အိုဇုန်းလွှာထိန်းသိမ်းရေးနှင့် ပတ်သက်၍ အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်၍ ဆောင်ရွက်နေမှုတို့ကို အကျယ်တဝင့် ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မောင်ခိုင်မင်း (ပြန်/ဆက်)**

## စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်

နေပြည်တော် စက်တင်ဘာ ၉

ယနေ့နံနက် ၆ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ပေဝက်ခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

## ၉ - ၉ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉ – ၉ – ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၇,၄၀၀ | ၇,၄၀၀ | ၅၀၇ | ၃,၈၀၂,၂၀၀ |
| MTSH | ၃,၁၅၀ | ၃,၁၅၀ | ၁,၀၀၀ | ၃,၁၅၀,၀၀၀ |
| MCB | ၇,၄၀၀ | ၇,၄၀၀ | ၈၄ | ၆၂၁,၆၀၀ |
| FPB | ၁,၉၅၀ | ၂,၀၀၀ | ၃၂၉ | ၆၄၈,၀၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၆၆၄ | ၁,၇၂၆,၄၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၁,၆၄၁ | ၃,၀၉၀,၈၅၀ |
| AMATA | ၃,၂၅၀ | ၃,၃၀၀ | ၃၂ | ၁၀၄,၄၀၀ |
| MAEX | ၃,၃၀၀ | ၃,၃၀၀ | ၁၀၂ | ၃၃၆,၆၀၀ |
| MADPL(PLB) | ၂,၉၀၀ | ၂,၇၅၀ | ၉၁၂ | ၂,၅၁၀,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
ခေတ္တ စာတည်းမှူး - အောဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

**ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှန်သမျှကိုတော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီးသတိပေးထားပါရစေ။**

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## ပြောင်းရွှေ့ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
အမိန့်အမှတ်၊ ၃၅ /၂၀၂၅

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

### ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးခြင်း

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇၊ ပုဒ်မခွဲ(ခ)အရ အောက်ပါ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်တို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်အဖြစ် ပြောင်းရွှေ့ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးခင်မောင်ကြီး
(၂) ဦးမျိုးမောင်
(၃) ဦးကြည်သိန်း
(၄) ဒေါ်ခင်သင်းဝေ

အမိန့်အရ

အောင်လင်းဒွေး
အမှုဆောင်ချုပ်
အမျိုးသားကာကွယ်ရေးနှင့်
လုံခြုံရေးကောင်စီရုံး

## နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၉၅ / ၂၀၂၅)

၁၃၈၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၃ ရက်
(၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်)

### နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ ( စ )နှင့်( ဓ )တို့အရ နိုင်ငံရေးပါတီများ ပါတီဝင်ဦးရေနှင့် ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် ပြည့်မီရေးဆောင်ရွက်ပြီး ကော်မရှင်သို့နောက်ဆုံးတင်ပြရမည့်ရက်ကို ၇ - ၉- ၂၀၂၅ ရက်နေ့သတ်မှတ်ကြောင်း ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၀ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ( ၅၆/၂၀၂၅ ) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါသည်။

၂။ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ(က) ပုဒ်မခွဲငယ်( ၉ )နှင့် ( ၁၀ ) အရ သတ်မှတ်ရက်ဖြစ်သည့် ၇ - ၉ - ၂၀၂၅ ရက်နေ့အထိ **ပုဒ်မ ၅ ပုဒ်မခွဲ( စ )ပါ သတ်မှတ်ပါတီဝင်ဦးရေ မပြည့်မီသည့်** အမျိုးသားဒီမိုကရေစီအင်အားစုပါတီ [ National Democratic Force Party (NDF) ] နှင့် **ပုဒ်မ ၅ ပုဒ်မခွဲ( ဓ )ပါ ပါတီရုံးခန်းများ သတ်မှတ်အရေအတွက် မပြည့်မီသည့်** အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ [ Democratic Party of National Politics (DNP) ]၊ အမျိုးသမီးပါတီ(မွန်)နှင့် ပြည်ထောင်စုလယ်သမားအလုပ်သမားအင်အားစု ပါတီ စုစုပေါင်းနိုင်ငံရေးပါတီ ၄ ပါတီကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၁၂ ပုဒ်မခွဲ ( ခ ) အရ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်၍ ပါတီများအား ဖျက်သိမ်းလိုက်သည်။

( ပုံ ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံအတွင်းရှိ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသများတွင် နေထိုင်ကြသည့် တိုင်းရင်းသား ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်အစိုးရ က အကောင်အထည်ဖော် ဆောင်ရွက်နေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှု များ၊ လူသားချင်းစာနာထောက်ထားမှု အကူအညီ များ ပံ့ပိုးဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း၌ နယ်မြေတည်ငြိမ်အေးချမ်းမှု ရရှိလာပါက နေရပ်စွန့်ခွာသွားသူများအား ၎င်းတို့၏ ဆန္ဒအလျောက် ဘေးကင်းပြီး ဂုဏ်သိက္ခာရှိစွာ နေရပ် ပြန်နိုင်ရေးအတွက် ဆက်လက်ညှိနှိုင်းဆောင်ရွက် လျက်ရှိသည့်ကိစ္စရပ်များ၊ UNHCR နှင့် ရှေ့ဆက်လက် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**





❍ **ရှေ့ဖုံးမှ**

ဒေသခံတောင်သူများအတွက် စိုက်ပျိုး ရေများ လုံလောက်စွာဖြန့်ဝေပေးနိုင်ရန် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန (ရေအရင်းအမြစ်)က စီမံကိန်းဧရိယာ အတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချနိုင်ရန်၊ မီတာယူနစ်ကုန်ကျစရိတ် သက်သာစေရန်နှင့် စိုက်ပျိုးရေများ စဉ်ဆက်မပြတ် ဖြန့်ဝေပေးနိုင်ရန် ရည်ရွယ် ၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ် ဖြင့် ကမ်းနီဆိုလာလျှပ်စစ် မြစ်ရေတင် လုပ်ငန်း၌ (၂၁၃)ကီလိုဝပ် ဆိုလာဓာတ်အား ပေးစနစ် တွဲဖက်တပ်ဆင်၍ ရာသီအလိုက် သီးနှံစိုက်ပျိုးချိန်ကာလအတွင်း စိုက်ပျိုး ရေများ ဖြန့်ဝေဆောင်ရွက်ပေးလျက်ရှိ ကြောင်း အဆိုပါဦးစီးဌာနမှ မြို့နယ် တာဝန်ခံအရာရှိက ပြောသည်။

မင်းဘူး(စကု)မြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် စိုက်ပျိုးရာသီတွင် ကမ်းနီဆိုလာ လျှပ်စစ် မြစ်ရေတင်လုပ်ငန်းစီမံကိန်း ဧရိယာ၌ အကျိုးပြုစိုက်ဧရိယာ ကေပေါင်း ၇၅၇ ကေ ရှိသည့်အနက် ယနေ့အထိ မိုးစပါး ကို ရေသောက်စနစ်ဖြင့် ပေးဝေ၍မရသော ကုန်းမြင့်ယာမြေများတွင် မိုဘိုင်းဆိုလာ ဖြင့် စိုက်ပျိုးရေပေးဝေကာ မိုးစပါး ၁၅ ကေ နှင့် ရေသောက်စနစ်အတွင်း မိုးစပါးကေ ၄၃၀ စုစုပေါင်းမိုးစပါးကေပေါင်း ၄၄၅ ကေ စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ထို့ပြင် အခြား သီးနှံများဖြစ်သော နှမ်းကေ ၁၉၀၊ မြေပဲ ၅၇ ကေ၊ ပဲစင်းငုံ ၂၇ ကေနှင့် ပဲတီစိမ်း ၅၃ ကေတို့ကို စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါသီးနှံ စိုက်တောင်သူများအတွက် စိုက်ပျိုးရေ များ လုံလောက်စွာ ဖြန့်ဝေပေးလျက်ရှိ ကြောင်း သိရသည်။ **မောင်မောင်(မင်းဘူး)**

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးအား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေး ဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ UNHCR က လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း၊ မြန်မာနိုင်ငံနှင့် UNHCR အကြား ဆက်လက်ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ UNHCR ၏ အာရှနှင့် ပစိဖိတ် ဒေသဆိုင်ရာဗျူရိုရုံးမှ ညွှန်ကြားရေးမှူး Ms. Hai Kyung Jun ၊ UNHCR ၏ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ် Ms. Noriko Takagi နှင့် နိုင်ငံခြား ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အီဗန်နိုဆော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ



နေပြည်တော် စက်တင်ဘာ ၉

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဒေါက်တာကံဇော်သည် PJSC "Sberbank of Russia" ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌ မစ္စတာ အီဗန်နိုဆော့ဗ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြည်တွင်း အခွန်များဦးစီးဌာန ရုံးအမှတ် (၄၆) ၌ လက်ခံ တွေ့ဆုံသည်။

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

တွေ့ဆုံစဉ် ရုရှား-မြန်မာ နှစ်နိုင်ငံ ဘဏ္ဍာရေး ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေပေးချေမှုကိစ္စရပ်များ၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ် များအား Fintech နည်းပညာများဖြင့် အသုံးပြု ဆောင်ရွက်ရာတွင် Cybersecurity ဆိုင်ရာကိစ္စရပ် များ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြ ကြောင်း သိရသည်။

သတင်းစဉ်

■

# ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာတောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်အခမ်းအနားသို့ တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

ရန်ကုန် စက်တင်ဘာ ၉

စက်တင်ဘာ ၄ ရက်မှ ၈ ရက်အထိ တရုတ် ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့၌ ကျင်းပသော ကမ္ဘာလုံးဆိုင်ရာ တောင်ပိုင်းဒေသ မီဒီယာနှင့် Think Tank အဆင့်မြင့်ဖိုရမ်သို့ တက်ရောက်ခဲ့ကြသည့် ဝန်ကြီးဌာနများ၊ ပြင်ပ မီဒီယာနှင့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်သော အဖွဲ့သည် ယမန်နေ့နှင့် ယနေ့တို့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ကိုယ်စားလှယ်အဖွဲ့တွင်ပါရှိသည့် သာသနာ ရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့မှ အကအဖွဲ့များက ဖိုရမ်ဖွင့်ပွဲ အခမ်းအနား၊ ဈေးရောင်းပွဲတော်ဖွင့်ပွဲအခမ်းအနား တို့တွင် ဖျော်ဖြေတင်ဆက်ကပြခြင်း၊ ရုပ်သေး အကဖြင့် ဖျော်ဖြေခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ကိုယ်စားလှယ်များနှင့် ပြင်ပမီဒီယာအဖွဲ့များမှ ကိုယ်စားလှယ်များက မန္တလေးလျှောင်ကြီးတွင်ပထမဆုံး ရောက်ရှိခဲ့သော ယူနန်ပြည်နယ်ကယ်ဆယ်ရေး အဖွဲ့အပါအဝင် တရုတ်ကယ်ဆယ်ရေးအဖွဲ့များ၏ ကူညီကယ်ဆယ်ရေး ပါဝင်ဆောင်ရွက်ခဲ့မှုနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ပိုမိုခိုင်မြဲစေခဲ့မှုတို့နှင့် စပ်လျဉ်း သည့် စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခြင်း၊ သမဝါယမ နှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဟိုတယ် နှင့် ခရီးသွားလာရေးဝန်ကြီးဌာနတို့မှ မြန်မာလက်မှု ပညာ ထုတ်ကုန်များနှင့် မြန်မာနိုင်ငံ၏ တောတောင် ရေမြေသဘာဝနှင့် ခရီးစဉ်ဒေသများ၊ လက်ဆောင် ပစ္စည်းအရောင်းပြခန်းများကို ဈေးရောင်းပွဲတော် တွင် ပါဝင်ခင်းကျင်းပြသခြင်းများ ဆောင်ရွက်ခဲ့ကြ ကြောင်း သိရသည်။

သတင်းစဉ်






# သံအမတ်ကြီး ဦးကျော်ကျော်မင်း အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတထံ ခန့်အပ်လွှာပေးအပ်

နေပြည်တော် စက်တင်ဘာ ၉

အာရပ်စော်ဘွားများ ပြည်ထောင်စုဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်ကျော်မင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၂၅ ခုနှစ် စက်တင်ဘာ ၈ ရက်တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု အဘူဒါဘီမြို့ရှိ သမ္မတ နန်းတော်၌ အာရပ်စော်ဘွားများ ပြည်ထောင်စု သမ္မတ ရှိတ် မိုဟာမက် ဘင် ဇာရိဒ် အယ်လ်နာရမ် ထံသို့ ပေးအပ်ခဲ့ပြီးဖြစ်သည်။

သတင်းစဉ်

■

❖ **အီတလီအသင်းမှ**

အီတလီအသင်းဟာ အစ္စရေးအသင်းကို အနိုင် ရရှိခဲ့တာကြောင့် အုပ်စုအဆင့် ပွဲစဉ်လေးပွဲကစား ပြီးချိန်မှာ သုံးပွဲနိုင်ရမှတ်ကိုးမှတ်နဲ့ အုပ်စုအဆင့် ဒုတိယနေရာမှာ ရပ်တည်လျက်ရှိပြီး ကမ္ဘာ့ဖလား ဝင်ခွင့်ရဖို့ အလားအလာကောင်းနေတာဖြစ်ပါတယ်။ အီတလီအသင်းဟာ ၂၀၁၈ ခုနှစ် ရုရှားကမ္ဘာ့ဖလား ပြိုင်ပွဲနဲ့ ၂၀၂၂ ခုနှစ် ကာတာကမ္ဘာ့ဖလားပြိုင်ပွဲတွေ မှာတော့ ကမ္ဘာ့ဖလားဝင်ခွင့်နဲ့ လွဲခဲ့ရတာဖြစ်ပါ တယ်။

စက်တင်ဘာ ၈ ရက်ညပိုင်းက ယှဉ်ပြိုင်ကစား ခဲ့တဲ့ အခြားသောကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွေမှာ တော့ ကိုဆိုဗိုအသင်းက ဆွီဒင်အသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ ဆွစ်ဇာလန်အသင်းက ဆလိုဗေးနီးယား အသင်းကို သုံးဂိုး-ဂိုးမရှိ၊ စကော့တလန်အသင်းက ဘီလာရုစ်အသင်းကို နှစ်ဂိုး-ဂိုးမရှိ၊ ဒိန်းမတ်အသင်းက ဂရိအသင်းကို သုံးဂိုး-ဂိုးမရှိ၊ ခရိုအေးရှားအသင်းက မွန်တီနီဂရိုးအသင်းကို လေးဂိုး-ဂိုးမရှိ၊ ဖာရိုးကျွန်းစု အသင်းက ဂျီဘရော်တာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

ငွေကြယ်

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးနှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၉**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့ရှိ ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး Mr. Filippo Grandi နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၃ နာရီခွဲတွင် နေပြည်တော်ရှိ ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌လက်ခံတွေ့ဆုံသည်။




တွေ့ဆုံစဉ် ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးအတွက် ဝန်ကြီးဌာနနှင့် UNDP–UNHCR တို့ သုံးပွင့်ဆိုင် နားလည်မှုစာချွန်လွှာ (MoU ) လက်မှတ်ရေးထိုး ဆောင်ရွက်နေမှု၊ ယင်းလုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အစိုးရအချင်းချင်း ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်းရှိ အကြမ်းဖက်သောင်းကျန်းသူများ၏ နှောင့်ယှက်ဟန့်တားမှုကြောင့် ပြန်လည်လက်ခံရေးလုပ်ငန်းစဉ် နှောင့်နှေးကြန့်ကြာနေမှု၊ နယ်မြေဒေသ လုံခြုံရေးအခြေအနေအရ ဘူးသီးတောင်၊ မောင်တောဒေသ၌ တာဝန်ထမ်းဆောင်နေသည့် UNHCR ဝန်ထမ်းများအား စစ်တွေမြို့နှင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်ခွင့်ပြုခဲ့မှုနှင့် နယ်မြေ တည်ငြိမ်အေးချမ်းပါက သက်ဆိုင်ရာဒေသသို့ ပြန်လည်စေလွှတ်တာဝန်ထမ်းဆောင်မည့် အခြေအနေ၊ ဝန်ကြီးဌာနနှင့် UNDP–UNHCR ဆက်လက် လက်တွဲပူးပေါင်းပြီး ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်အား ကြိုးပမ်းဆောင်ရွက်သွားမည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ အမြဲတမ်းအတွင်းဝန် ဦးမင်းဟိန်း၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ကလောမြို့ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန နှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ကလောမြို့၏ ထင်ရှားသော ခရီးသွားဆွဲဆောင်ရာနေရာတစ်ခုဖြစ်သည့် နန်းသဲကျေးရွာရှိ Kalawe Glamping Adventure Tourism Site ဧရိယာအတွင်းရှိ စွန့်စားခရီးသွားလုပ်ငန်း၊ စခန်းချတည်းခိုနေထိုင်ခြင်းဆိုင်ရာခရီးသွားလုပ်ငန်း၊ အပန်းဖြေခရီးသွားလုပ်ငန်း၊ ကြိုးတန်းလျှောစီးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လူငယ်ခရီးသွားလုပ်ငန်း (Youth Tourism)၊ တောင်တန်းဒေသခရီးသွားလုပ်ငန်း(Mountaineering Tourism)၊ အားကစားခရီးသွားလုပ်ငန်း (Sports Tourism)၊ တောတွင်းခရီးသွားလုပ်ငန်း (Jungle Tourism) တို့ကိုပါ တွဲဖက်ဖော်ဆောင်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ ပိုမိုလာရောက်လည်ပတ်ကြစေရန် ဈေးကွက်မြှင့်တင်ကြိုးစားကြရေးဆိုင်ရာများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဌာနပိုင်ငှားရမ်းထားသော Kalaw Heritage Hotel ၌ ခရီးသွားဧည့်သည်များအတွက် ဝန်ဆောင်မှုကောင်းများပေးစွမ်းနိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ကလောမြို့ကို ခရီးသွားမြို့တော်ဖြစ်စေရန် ဝိုင်းဝန်းကြိုးပမ်းပူးပေါင်းဆောင်ရွက်ကြရန် မှာကြားသည်။

ယင်းနောက် အားကစားနှင့်ကာယပညာသိပ္ပံ (တောင်ကြီး)ရှိ နှစ်ထပ်စာသင်ကျောင်းဆောင်၌ ဆရာ ဆရာမများက Grade– 11 ကျောင်းသားကျောင်းသူများအား ဘာသာရပ်အလိုက် သင်ကြားပေးနေမှုနှင့် ကျောင်းသား ကျောင်းသူ အိပ်ဆောင်များ၊ ဘောလုံးအားကစားကွင်း၊ ဂျူဒိုအားကစားခန်းမ၊ တိုက်ကွမ်ဒိုအားကစားခန်းမ၊ ပင်မနှစ်ထပ်ဆောင်ရှိ ရုံးခန်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုပြုလုပ်နိုင်ရန် ဖွင့်လှစ်ထားရှိသည့် ဆေးပေးခန်းနှင့် စက်ပစ္စည်းအခြေအနေ၊ ဆေးကုသရာတွင် ဆရာဝန်နှင့် သူနာပြုအင်အား လုံလောက်စွာထားရှိပေးနိုင်ရေးအတွက် တင်ပြဆောင်ရွက်သွားရန်နှင့် 50 kW Solar Hybrid System တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို မှာကြားသည်။

မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိရမည်းသင်းခရိုင် အားကစားကွင်း၌ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ထားရှိမှု၊ ဂိုးတိုင်၊ ကော်နာတိုင်များ စနစ်တကျတပ်ဆင်ထားရှိမှု၊ ရေလုံလောက်မှုရှိစေရေးအတွက် ရေစင်တည်ဆောက်ထားရှိမှုနှင့် ရေလိုင်း၊ မီးလိုင်းများ စနစ်တကျ သွယ်တန်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တပ်ကုန်းမြို့နယ် အားကစားကွင်း၌ကျင်းပသည့် တပ်ကုန်းမြို့နယ် ကျောင်းပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် စံပြအလယ်တန်းကျောင်းခွဲအသင်းနှင့် MRTV အထက်တန်းကျောင်းအသင်းတို့၏ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# (၅၃) ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့ (အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌဒေါ်သန်းသန်းဆွေဦးဆောင်သည့်အဖွဲ့သည် ယနေ့မွန်းတည့် ၁၂ နာရီတွင် အိမ်ရှင်နိုင်ငံဖြစ်သည့် အီရန်နိုင်ငံမှ အွန်လိုင်းဖြင့် ကျင်းပသည့် (၅၃)ကြိမ်မြောက် အာရှဗဟိုဘဏ်များ ငွေစာရင်းရှင်းလင်းရေးအဖွဲ့(အေစီယူ) ဒါရိုက်တာအဖွဲ့အစည်းအဝေးသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်သည်။



အဆိုပါ အစည်းအဝေးတွင် အေစီယူအဖွဲ့ဝင်နိုင်ငံများ ဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဘူတန်၊ အိန္ဒိယ၊ အီရန်၊ မြန်မာ၊ နီပေါ၊ ပါကစ္စတန်၊ သီရိလင်္ကာ၊ မော်လဒိုက်နှင့် ဘယ်လာရုစ်နိုင်ငံများမှ ဗဟိုဘဏ်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ Executive Director များနှင့် Observers များအဖြစ် ရုရှားနိုင်ငံဗဟိုဘဏ်နှင့် အာဖဂန်နစ္စတန်နိုင်ငံဗဟိုဘဏ်တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ အဖွဲ့ဝင်နိုင်ငံများ၏ ဗဟိုဘဏ်ဥက္ကဋ္ဌများက ဂုဏ်ပြုပြောကြားသည့် အေစီယူနှစ်(၅၀)ပြည့် အထိမ်းအမှတ် Video Clip အား ပြသပြီး ၂၀၂၃–၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း အေစီယူ အဖွဲ့ဝင်နိုင်ငံများ၏ မေခရိုစီးပွားရေးဆိုင်ရာ ကိစ္စရပ်များ၊ အဖွဲ့ဝင်နိုင်ငံများ၏ ငွေပေးချေမှုစနစ်များ တိုးတက်ဆောင်ရွက်နေမှုများ၊ အေစီယူအဖွဲ့ ပိုမိုအားကောင်း ခိုင်မာလာရေး၊ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ကုန်သွယ်မှုတွင် အေစီယူ ဒေါ်လာ၊ အေစီယူ ယူရို၊ အေစီယူ ယန်းတို့အပြင် အိန္ဒိယရူပီးအပါအဝင် အဖွဲ့ဝင်နိုင်ငံများ၏ ငွေကြေးများအသုံးပြု၍ ငွေပေးချေမှုကို အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ အေစီယူငွေပေးချေမှုဆိုင်ရာ လုပ်ငန်းစဉ်နှင့် စည်းမျဉ်းများတွင် ပြင်ဆင်ရေးကိစ္စရပ်များ၊ အေစီယူ ငွေပေးချေမှုဆိုင်ရာ သတင်းအချက်အလက် ပေးပို့သည့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ယင်းစနစ်တွင် အေစီယူငွေပေးချေမှုဆိုင်ရာ သတ်မှတ်ခွင့်ပြုထားသည့်ဘဏ် (ACU Designated Bank) များ ပါဝင်ချိတ်ဆက်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ အေစီယူအဖွဲ့ဝင်နိုင်ငံများအကြား ငွေပေးချေမှုစနစ်အချင်းချင်း ချိတ်ဆက်ပေါင်းစည်းရေးဆိုင်ရာကိစ္စရပ်များ၊ အေစီယူ ဗဟိုဘဏ် ဒစ်ဂျစ်တယ်ငွေကြေး အကောင်အထည်ဖော်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ငွေပေးချေမှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ အေစီယူအဖွဲ့ဝင်ဗဟိုဘဏ်များ၏ အရာထမ်းများအား စွမ်းရည်မြှင့်တင်ရေးသင်တန်းများ ဆောင်ရွက်ပေးရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# သမိုင်းဝင် SCO ပေါင်းစည်းမှုကြီးနှင့် မြန်မာနိုင်ငံ၏ အခွင့်အလမ်း

မောင်မိုး

မျက်မှောက်ခေတ်ကမ္ဘာ့နိုင်ငံရေးဟာ စစ်အေးကာလနဲ့ စစ်အေးကာလအလွန်ကဲ့သို့ စူပါပါဝါ တစ်နိုင်ငံတည်း သို့မဟုတ် နှစ်နိုင်ငံ အပြိုင်အုပ်စိုးခြယ်လှယ်ခဲ့ကြတဲ့ ဒွိဝင်ရိုးကမ္ဘာ(Bipolar World)နဲ့ ဧကဝင်ရိုးကမ္ဘာ (Unipolar World)စနစ်များဆီမှ နိုင်ငံပေါင်းစုံပါဝင်လာတဲ့ ဗဟုဝင်ရိုးခေါ် ဝင်ရိုးစုံကမ္ဘာသစ်(Multipolar World) အခင်းအကျင်းတစ်ခုဆီသို့ အလျင်အမြန် ကူးပြောင်းနေပြီဖြစ်ပါတယ်။ ယင်းအပြောင်းအလဲမှာ သီအိုရီဆိုင်ရာ ယူဆချက်တစ်ခုမျှသာမဟုတ်ဘဲ ကြီးမားတဲ့ စီးပွားရေး၊ စစ်ရေးနဲ့ အဖွဲ့အစည်းဆိုင်ရာ အပြောင်းအလဲတွေနဲ့ ဖြစ်ပေါ်လာတဲ့ 'လက်တွေ့အဖြစ်မှန်'ပဲ ဖြစ်ပါတယ်။ ယနေ့တရုတ်နိုင်ငံရဲ့ ဘက်စုံဆန်းသစ်တိုးတက်လာမှုနဲ့ အိန္ဒိယနိုင်ငံရဲ့ စီးပွားရေးလျင်မြန်စွာကြီးထွားလာမှုတို့ဟာ ကမ္ဘာ့စီးပွားရေးဗဟိုချက်ကို အာရှဒေသသို့ ဦးတည်ရွေ့လျားစေခဲ့ပါတယ်။ အထူးသဖြင့် BRICS၊ Shanghai Cooperation Organization (SCO)၊ ASEAN စတဲ့ ဒေသတွင်းနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ပူးပေါင်းဆောင်ရွက်လာမှုတွေကလည်း Multipolar World အသွင် ပိုမိုအားဖြည့်လျက်ရှိပါတယ်။ အလားတူ ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲ၊ အိန္ဒိယ-ပါကစ္စတန်စစ်ပွဲ၊ အီရန်-အစ္စရေးစစ်ပွဲနဲ့ အရှေ့အလယ်ပိုင်း ပဋိပက္ခများစွာအပြင် အင်ဒို-ပစိဖိတ်ဒေသအတွင်း အင်အားကြီးနိုင်ငံတွေရဲ့ မဟာဗျူဟာတိုးတိုက်မှုတွေကလည်း မိတ်ဖက်အစုအဖွဲ့များအပေါ် တွန်းအားတစ်ရပ်ဖြစ်စေခဲ့ပါတယ်။

ယနေ့ တရုတ်နိုင်ငံ တီယန်ကျင်းမြို့မှာ ကျင်းပပြုလုပ်တဲ့ **(၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organization–SCO SUMMIT 2025 Plus)ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေးအခင်းအကျင်းတွေမှာ အရေးပါတဲ့ အပြောင်းအလဲတွေကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီးနိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီးခြယ်လှယ်ချုပ်ကိုင်စနစ်တွေကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့ အခန်းကဏ္ဍကို ဖော်ပြနိုင်ခဲ့ပါတယ်။**

**သမိုင်းကြောင်းနဲ့ မျက်မှောက်အခြေအနေ**

၂၀၂၅ ခုနှစ် ဩဂုတ်လ ၃၁ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့တဲ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး (SCO)ဟာ သမိုင်းတစ်လျှောက် အကြီးမားဆုံး ထိပ်သီးအစည်းအဝေးဖြစ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများ၊ လေ့လာသူနိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ အခြားဖိတ်ကြားထားတဲ့ နိုင်ငံ ၂၄ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ၊ ကမ္ဘာ့ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နဲ့ နိုင်ငံတကာအဖွဲ့အစည်းများမှ ခေါင်းဆောင်များ တက်ရောက်ခဲ့တာကို တွေ့ရှိရပါတယ်။ တရုတ်သမ္မတ ရှီကျင့်ဖျင် ဦးဆောင်တဲ့ ဤထိပ်သီးအစည်းအဝေးကို ရုရှား၊ အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ တူကီယဲနဲ့ မြန်မာနိုင်ငံမှ ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် အခြားနိုင်ငံ့ခေါင်းဆောင်



ဩဂုတ် ၃၁ ရက်က ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေး(SCO)သို့ ပါဝင်တက်ရောက်ကြမည့် နိုင်ငံပေါင်း ၂၀ ကျော်မှ နိုင်ငံ့ခေါင်းဆောင်များ၊ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုမှ အကြီးအကဲများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့်ဇနီးတို့ အတူတကွ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

၂၀ ကျော် တက်ရောက်ခဲ့ကြတာဖြစ်ပါတယ်။

SCO အဖွဲ့အစည်းရဲ့ သမိုင်းကြောင်းအရလည်း ၂၀၀၁ ခုနှစ်မှာ ရှန်ဟိုင်း ပူးပေါင်းဆောင်ရွက်မှုအဖွဲ့ကို ဒေသတွင်းတည်ငြိမ်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးနဲ့ ယဉ်ကျေးမှုဖလှယ်ရေး စတဲ့နယ်ပယ်တွေမှာ အဖွဲ့ဝင်နိုင်ငံတွေအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် တရုတ်၊ ရုရှား၊ ကာဇက်စတန်၊ ကာဂျစ္စတန်၊ တာဂျစ်ကစ္စတန်နဲ့ ဥဇဘက်ကစ္စတန်နိုင်ငံစတဲ့ ခြောက်နိုင်ငံနဲ့ စတင်တည်ထောင်ခဲ့တာဖြစ်တယ်။ **အဖွဲ့ဝင်နိုင်ငံ (Member States)ခြောက်နိုင်ငံမှ အဖွဲ့ဝင် ၁၀ နိုင်ငံအဖြစ် အိန္ဒိယ၊ ပါကစ္စတန်၊ အီရန်၊ ဘယ်လာရုစ်နိုင်ငံတွေနဲ့ တိုးချဲ့ဖွဲ့စည်းခဲ့ပါတယ်။ လေ့လာသူနိုင်ငံတွေ (Observer States)အဖြစ် မွန်ဂိုလီးယားနဲ့ အာဖဂန်နစ္စတန် နှစ်နိုင်ငံ ဖြစ်ပါတယ်။ ဆွေးနွေးဖက်နိုင်ငံတွေ (Dialogue Partners)အဖြစ် မြန်မာ၊ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ တူကီယဲ၊ မော်လ်ဒိုက်၊ အဇာဘိုင်ဂျန်၊ နီပေါ၊ အာမေးနီးယား၊ အီဂျစ်၊ ကာတာ၊ ဆော်ဒီအာရေဗျ၊ ဘာရိန်း၊ ကူဝိတ်၊ ယူအေအီးစတဲ့ ၁၄ နိုင်ငံပဲဖြစ်ပါတယ်။ ယနေ့ပြုလုပ်တဲ့ (၂၅)ကြိမ်မြောက် SCO ထိပ်သီးအစည်းအဝေးကနေ လာအိုနိုင်ငံအား ဆွေးနွေးဖက်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့တာကြောင့် SCO အဖွဲ့အစည်းရဲ့ အသိုက်အဝန်းအတွင်း ၂၇ နိုင်ငံအထိ ရှိလာပြီဖြစ်ပါတယ်။**

**SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါး ကမ္ဘာ့ GDP ရဲ့ လေးပုံတစ်ပုံနဲ့ ကမ္ဘာ့မြေဧရိယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုပါတယ်။ ၂၀၂၄ ခုနှစ်မှာ တရုတ်နိုင်ငံနဲ့ SCO အဖွဲ့ဝင်များ၊ ဆွေးနွေးဖက်နိုင်ငံများနဲ့ လေ့လာသူနိုင်ငံများအကြား ကုန်သွယ်မှုဟာ ဒေါ်လာ ၈၉၀ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး SCO ဒေသတွေကတစ်ဆင့် ဖြတ်သန်းတဲ့ တရုတ်-ဥရောပ ကုန်တင်ရထားတွေဟာ ၂၀၂၄ ခုနှစ်မှာ ခရီးစဉ်ပေါင်း ၁၉၀၀၀ အထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ်ထက် ၁၀ ဒသမ ၇ ရာခိုင်နှုန်းမြင့်တက်ခဲ့တာကိုလည်း တွေ့ရ**ပါတယ်။

**မဟာဗျူဟာစုစည်းမှုပုံရိပ်များ....**

ယနေ့ကျင်းပပြုလုပ်ခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ နိုင်ငံတကာနဲ့ဒေသတွင်း ရပ်ဝန်းများမှာ နိုင်ငံရေး၊ လုံခြုံရေး၊ လူမှုစီးပွားရေးသာမက ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ရည်ရွယ်ချက်များစွာကို ညှိနှိုင်းဆွေးနွေးအကောင်အထည်ဖော်နိုင်ခဲ့ကြတာဖြစ်ပါတယ်။ နိုင်ငံတကာလေ့လာသူတွေရဲ့ အစည်းအဝေးရလဒ် ထုတ်နုတ်ချက်များ၊ SCO အဖွဲ့အစည်းကနေ တရားဝင်ကြေညာချက်တွေနဲ့ တရုတ်နိုင်ငံရဲ့ နိုင်ငံခြားရေးဝန်ကြီး ထုတ်ပြန်ပြောဆိုချက်တွေအရ ယနေ့ပြုလုပ်တဲ့ SCO ထိပ်သီးအစည်းအဝေးကနေ အောက်ပါအတိုင်း **အဓိကဆွေးနွေးပူးပေါင်းဆောင်ရွက်ခဲ့မှု အသီးအပွင့်တွေကို** ထုတ်နုတ်လေ့လာတွေ့ရှိရပါတယ်-

❖ **"ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (၁၀ နှစ်တာ)"**။ အဖွဲ့ဝင်နိုင်ငံများအတွက် အလုံးစုံပါဝင်သော လမ်းညွှန်ချက်ချကာ "ရှန်ဟိုင်းစိတ်ဓာတ်"အတိုင်း ပူးပေါင်းဆောင်ရွက်ရန် အခြေခံလမ်းပြမြေပုံ သတ်မှတ်နိုင်ခဲ့မှု။

❖ **"ဒုတိယကမ္ဘာစစ် သင်ခန်းစာ"**။ သမိုင်းမှ သင်ခန်းစာယူ၍ ငြိမ်းချမ်းရေးထိန်းသိမ်းရေး၊ ကုလသမဂ္ဂကို ဗဟိုပြုတဲ့ နိုင်ငံတကာစနစ်ကိုတည်ဆောက်ဖို့ တိုက်တွန်းနိုင်ခဲ့မှု။

❖ **"တရားမျှတသော ကုန်သွယ်ရေးစနစ်"**။ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)ကို ဗဟိုပြုတဲ့ နိုင်ငံစုံကုန်သွယ်ရေးစနစ်ကို ထောက်ခံကာ အင်အားကြီးနိုင်ငံများရဲ့ တစ်ဖက်သတ်အနိုင်ကျင့်မှုများကို ဆန့်ကျင်ကြောင်း ကြေညာနိုင်ခဲ့မှု။

❖ **"လုံခြုံရေးစင်တာလေးခု"**။ SCO အဖွဲ့အစည်းအတွင်း လုံခြုံရေးဆိုင်ရာ ခြိမ်းခြောက်မှုတိုက်ဖျက်ရေး၊ သတင်းအချက်အလက်လုံခြုံရေး၊ နိုင်ငံဖြတ်ကျော်ပြစ်မှုတိုက်ဖျက်ရေးနဲ့ မူးယစ်ဆေးတိုက်ဖျက်ရေးစင်တာများကို တည်ထောင်နိုင်ခဲ့မှု။

❖ **"ဖွံ့ဖြိုးတိုးတက်ရေးဘဏ်"**။ SCO အဖွဲ့အစည်းရဲ့ အခြေခံအဆောက်အအုံနှင့် လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ လျင်မြန်လွယ်ကူစွာ အကောင်အထည်ဖော်နိုင်ဖို့ SCO ဖွံ့ဖြိုးတိုးတက်ရေးဘဏ် တည်ထောင်ရန် သဘောတူညီနိုင်ခဲ့မှု။

❖ **"ပလက်ဖောင်း ခြောက်ခုနဲ့ စီမံချက်ခြောက်ခု"**။ စွမ်းအင်၊ အစိမ်းရောင်ထုတ်လုပ်မှု၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ သိပ္ပံနည်းပညာ၊ ပညာရေး၊ အသက်မွေးဝမ်းကျောင်းနည်းပညာ စတဲ့ နယ်ပယ်တွေမှာ ပိုမိုပူးပေါင်းဆောင်ရွက်ရေး အခြေခံပလက်ဖောင်းများထူထောင်ရေးနဲ့ စီမံချက်များ ထုတ်ပြန်ဆောင်ရွက်ရေး သဘောတူညီနိုင်ခဲ့မှု။

❖ **"SCO အသိုက်အဝန်းချဲ့ထွင်မှု"**။ လာအိုနိုင်ငံကို ဆွေးနွေးဖက်နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ခဲ့ပြီး ယနေ့အချိန်တွင် SCO အသိုက်အဝန်းအား ၂၇ နိုင်ငံအထိ တိုးမြှင့်လာနိုင်ခဲ့မှု။

**စာမျက်နှာ ၇ သို့** ☆

❝(၂၅)ကြိမ်မြောက် ထိပ်သီးအစည်းအဝေး (Shanghai Cooperation Organization–SCO SUMMIT 2025 Plus)ဟာ ကမ္ဘာ့နိုင်ငံရေး၊ သံခင်းတမန်ခင်းနဲ့ စီးပွားရေးအခင်းအကျင်းတွေမှာ အရေးပါတဲ့ အပြောင်းအလဲတွေကို မီးမောင်းထိုးပြခဲ့ပါတယ်။ ဤအစည်းအဝေးဟာ အနောက်အင်အားကြီးနိုင်ငံတွေ ဦးဆောင်တဲ့ ကမ္ဘာ့အင်အားကြီးခြယ်လှယ်ချုပ်ကိုင်စနစ်တွေကို ရင်ဆိုင်ဖြေရှင်းဖို့နဲ့ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်ဖို့ SCO ရဲ့ ကြီးထွားလာတဲ့ အခန်းကဏ္ဍကို ဖော်ပြနိုင်❞









☆ စာမျက်နှာ ၆ မှ

ယနေ့ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်ရဲ့ ကုန်သွယ်ရေးမူဝါဒတွေကြောင့် ကမ္ဘာ့ကုန်သွယ်ရေးကွင်းဆက်တွေ အနှောင့်အယှက်ဖြစ်နေချိန်မှာ SCO ဟာ ဖွံ့ဖြိုးတိုးတက်ရေးနဲ့ စီးပွားရေးတည်ငြိမ်မှုအတွက် အခြားရွေးချယ်စရာတွေကို ပေးအပ်တယ်လို့ နိုင်ငံရေးသုတေသီတွေက ထုတ်ဖော်ပြောဆိုလာကြပါတယ်။ ထို့ပြင် ရုရှား-ယူကရိန်းစစ်ပွဲကြောင့် နိုင်ငံရေးသံခင်းတမန်ခင်းကိစ္စများ မရေရာမှုများကြားမှာ တရုတ်၊ ရုရှားနဲ့ အိန္ဒိယတို့အကြား RIC သုံးပွင့်ဆိုင်ဆွေးနွေးပွဲကို ပြန်လည်အသက်သွင်းဖို့ အခွင့်အလမ်းတွေလည်း ပေါ်ထွက်လာတယ်။ အိန္ဒိယဝန်ကြီးချုပ် မိုဒီရဲ့ခုနစ်နှစ်အတွင်း ပထမဆုံး တရုတ်နိုင်ငံခရီးစဉ်ဟာ နှစ်နိုင်ငံအကြား နယ်စပ်တင်းမာမှုတွေရှိနေပေမယ့် အေးစက်နေတဲ့ ဆက်ဆံရေးကို ပြန်လည်တည်ဆောက်နွေးထွေးစေခဲ့ပါတယ်။ ယခုအစည်းအဝေးမှာ ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ ၎င်းရဲ့အရေးကြီးဆုံးစွမ်းအင်မိတ်ဖက်နှစ်ဦးဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ တစ်ပြိုင်နက်တွေ့ဆုံခဲ့ကြတာကလည်း သမိုင်းဝင်ပေါင်းစည်းမှုတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ အစည်းအဝေးမှာ သုံးနိုင်ငံတွေ့ဆုံခဲ့ကြပြီး မြောက်ပိုင်းပင်လယ် စင်္ကြံ(Northern Sea Route)ကို အသုံးပြုကာ ကုန်သွယ်ရေးချဲ့ထွင်ဖို့ သဘောတူညီခဲ့ကြသလို ရုရှားရဲ့ စွမ်းအင်အရင်းအမြစ်များ၊ အိန္ဒိယရဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ တရုတ်ရဲ့ လမ်းပန်းဆက်သွယ်ရေးစီမံချက်များကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြတယ်လို့ သိရှိရပါတယ်။ အလားတူ လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအနေနဲ့ အာရှတိုက်အတွင်း စစ်ရေးအရတင်းမာမှုများလျှော့ချရေးအတွက် သုံးနိုင်ငံအကြား နယ်စပ်ယုံကြည်မှု တည်ဆောက်ရေး ဆွေးနွေးခဲ့ကြပြီး အထူးသဖြင့် အာဖဂန်နစ္စတန်နဲ့ ဗဟိုအာရှဒေသ မငြိမ်သက်မှုများကို ကိုင်တွယ်ဖြေရှင်းဖို့ ညှိနှိုင်းခဲ့ကြတာကိုလည်းတွေ့ရှိရပါတယ်။ အလားတူ ကုလသမဂ္ဂ (UN)၊ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO)၊ BRICS၊ G20 စတဲ့ နိုင်ငံစုံပလက်ဖောင်းတွေမှာ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်ကာ လူသားမျိုးနွယ် အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်မှုအား အတူလက်တွဲ တွန်းအားပေးသွားဖို့ သဘောတူညီခဲ့ကြတာကိုလည်း တွေ့ရှိရပါတယ်။ BRICS နဲ့ SCO ကဲ့သို့ အစုအဖွဲ့သစ်တွေမှာ ဘက်ပေါင်းစုံသဘောတူညီမှုအပေါ် အခြေခံပြီး အာရုံစိုက်ဆုံးဖြတ်ချက်ချမှုတွေက အပြန်အလှန်လေးစားမှုနဲ့ စစ်မှန်တဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ် အခြေခံထားတဲ့ သံတမန်ဆက်ဆံရေး ခေတ်သစ်တစ်ခုကို ဖော်ညွှန်းလျက်ရှိပါတယ်။

ယနေ့ ရုရှား-ယူကရိန်းစစ်ပွဲနဲ့ စပ်လျဉ်းကာ NATO နဲ့ G7 ကဲ့သို့ အနောက်တိုင်းအဖွဲ့အစည်းတွေဟာ ကျစ်ကျစ်လျစ်လျစ် ပြန်လည်စုဖွဲ့နေချိန်မှာ အာရှရပ်ဝန်းနဲ့ တောင်ကမ္ဘာခြမ်း (Global South)ကို စင်စစ်ကိုယ်စားပြုနိုင်တဲ့ SCO အဖွဲ့အစည်းတစ်ခုအဖြစ် ပုံဖော်ရောက်ရှိခဲ့ပြီဖြစ်ပါတယ်။ SCO ရဲ့ ပူးပေါင်းဆောင်ရွက်မှုဟာ စီးပွားရေးဆိုင်ရာ ကုန်သွယ်မှုနဲ့ ရင်းနှီးမြှုပ်နှံမှုတွေကို ကျော်လွန်ပြီး ပိုမိုကျယ်ပြန့်တဲ့ နိုင်ငံရေး၊ ကာကွယ်ရေးဆိုင်ရာ မဟာဗျူဟာမြောက် ရည်ရွယ်ချက်တွေနဲ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေတာကို မြင်တွေ့နိုင်ပါတယ်။ သာဓကအားဖြင့် မကြာသေးခင်က ပြုလုပ်ခဲ့တဲ့ တရုတ်-ရုရှား စစ်ရေးပူးပေါင်းဆောင်ရွက်မှုတွေဟာ ဒေသတွင်းလုံခြုံရေးအစီအစဉ်သစ်ကို ပုံဖော်ဖို့နဲ့ ဘက်ပေါင်းစုံမှ ဖိအားဒဏ်တွေကို တန်ပြန်ဖို့ ရည်ရွယ်တာမျိုးဖြစ်ပါတယ်။

အနောက်အင်အားကြီးနိုင်ငံတွေရဲ့ ဒဏ်ခတ်ပိတ်ဆို့မှုအခြေအနေတွေကြောင့် တရုတ်-ရုရှား-အိန္ဒိယကဲ့သို့ အာရှအင်အားကြီးသုံးနိုင်ငံကို ပိုမိုစည်းလုံးသွားစေတဲ့ အခွင့်အလမ်းများဖြစ်ပေါ်လာခဲ့ပါတယ်။ တရုတ်ပြည်သူတွေရဲ့ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနဲ့ ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့်အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် တက်ရောက်လာခဲ့တာဟာလည်း ထူးခြားမှုများစွာ ရှိနေခဲ့ပါတယ်။ ကင်ဂျုံအန်ရဲ့ ဒီပွဲတက်ရောက်မှုဟာ ၁၉၅၉ ခုနှစ်နောက်ပိုင်း ပေကျင်းက တရုတ်စစ်ရေးပြအခမ်းအနားကို မြောက်ကိုရီးယား ခေါင်းဆောင်တစ်ဦးအနေနဲ့ တက်ရောက်တာ ပထမဆုံးအကြိမ်ဖြစ်ပါတယ်။ ဒါဟာ Multipolar World ကို ပိုမိုပီပြင်စွာ ပေါ်ထွန်းစေခဲ့တဲ့ သမိုင်းအလှည့်အပြောင်းတစ်ခုလို့လည်း ဆိုနိုင်ပါတယ်။ ယခုလို မြောက်ကိုရီးယားအပါအဝင် နိုင်ငံပေါင်း ၂၀ ကျော်နဲ့ နိုင်ငံတကာအဖွဲ့အစည်း ၁၀ ခုကျော်တက်ရောက်ခဲ့တဲ့ သံခင်းတမန်ခင်းဆက်နွှယ်လာမှုများကလည်း SCO အား စီးပွားရေးဆိုင်ရာကုန်သွယ်ရေးအဖွဲ့အစည်းတစ်ခုထက်ပိုမိုတဲ့ အာရှဗဟိုပြု မဟာဗျူဟာကျတဲ့ စုစည်းမှုကြီးတစ်ခုအဖြစ်သန်မာအားကောင်းစေပြီး ကမ္ဘာ့အင်အားကြီးနိုင်ငံတွေရဲ့စနစ်ကို ဟန်ချက်ညီတံ့ပြန်နိုင်စေဖို့ အသင့်ဖြစ်စေခဲ့ပါတယ်။ ဒါ့အပြင် ယနေ့ တရုတ်နိုင်ငံရဲ့ဦးဆောင်မှုနဲ့ Global South နိုင်ငံတွေရဲ့ ပေါင်းစည်းအားထုတ်မှုတွေကိုလည်း ကမ္ဘာကိုပြသဖို့ အကောင်းဆုံး အချိန်အခါကောင်းအဖြစ် ရောက်ရှိလာပြီလို့ဆိုရမှာဖြစ်တယ်။



စက်တင်ဘာ ၃ ရက်က တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲအောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားကြည့်ရှုမည့် တီယန်မင်ရင်ပြင် ဗိုလ်ရှုစင်မြင့်သို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ ဦးဆောင်၍ နိုင်ငံပေါင်း ၂၆ နိုင်ငံမှ နိုင်ငံ့ခေါင်းဆောင်များ တက်ရောက်နေရာယူကြစဉ်။

**“ရုရှားသမ္မတ ဗလာဒီမာပူတင်နဲ့ ၎င်းရဲ့အရေးကြီးဆုံး စွမ်းအင်မိတ်ဖက်နှစ်ဦးဖြစ်တဲ့ တရုတ်၊ အိန္ဒိယတို့နဲ့ တစ်ပြိုင်နက်တွေ့ဆုံခဲ့ကြတာကလည်း သမိုင်းဝင်ပေါင်းစည်းမှုတစ်ခုအဖြစ် တွေ့မြင်ခဲ့ရပါတယ်။ အစည်းအဝေးမှာ သုံးနိုင်ငံတွေ့ဆုံခဲ့ကြပြီး မြောက်ပိုင်းပင်လယ်စင်္ကြံ(Northern Sea Route)ကို အသုံးပြုကာ ကုန်သွယ်ရေးချဲ့ထွင်ဖို့ သဘောတူညီခဲ့ကြသလို ရုရှားရဲ့စွမ်းအင်အရင်းအမြစ်များ၊ အိန္ဒိယရဲ့ ဒစ်ဂျစ်တယ်နည်းပညာနဲ့ တရုတ်ရဲ့ လမ်းပန်းဆက်သွယ်ရေးစီမံချက်တွေကို ပေါင်းစပ်ဆောင်ရွက်နိုင်ရေးဆွေးနွေး”**

## မြန်မာနိုင်ငံအတွက် အခွင့်အလမ်းများ....

လက်ရှိကမ္ဘာ့နိုင်ငံရေး အခြေအနေများ၊ အထူးသဖြင့် အမေရိကန်သမ္မတ အပြောင်းအလဲနဲ့အတူ ကုန်သွယ်ခွန်ကိစ္စရပ်များ၊ မြေရှားသတ္တုကိစ္စများနဲ့ အိမ်နီးချင်း ထိုင်းနဲ့ ဘင်္ဂလားဒေ့ရှ်တို့ရဲ့ ပြည်တွင်းနိုင်ငံရေးမတည်ငြိမ်မှုများအကြား တရုတ်နိုင်ငံအနေနဲ့ အိမ်နီးချင်း မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေး၊ လုံခြုံရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ တည်ငြိမ်အေးချမ်းမှုရှိနေဖို့ အထူးလိုအပ်လာပါတယ်။ တရုတ်နိုင်ငံရဲ့ “ပိုးလမ်းမစီမံကိန်း”မှာ အဓိကအစိတ်အပိုင်းဖြစ်တဲ့ မြန်မာနိုင်ငံကိုဖြတ်သန်းကာ ပင်လယ်ထွက်ပေါက်ရရှိခြင်းအပါအဝင် မဟာဗျူဟာမြောက် အကျိုးစီးပွားများစွာတည်ရှိနေတာကြောင့် တရုတ်နိုင်ငံရဲ့ မြန်မာအပေါ်ထားရှိတဲ့ မူဝါဒဟာ ပိုမိုပြတ်သားလာပြီလို့ လေ့လာသူများက မှတ်ချက်ပြုပါတယ်။ လက်ရှိ မြန်မာနိုင်ငံဟာ SCO ရဲ့ ဆွေးနွေးဖက်နိုင်ငံ (Dialogue Partner) အဆင့်သာရှိသေးသော်လည်း ယခုအစည်းအဝေးမှာ အမြဲတမ်းအဖွဲ့ဝင် ဖြစ်လာစေရေး အဖွဲ့ဝင်အားလုံးရှေ့မှာ ဆန္ဒပြုပြောဆိုခဲ့တာတွေကိုလည်း တွေ့ရှိရပါတယ်။ SCO ဟာ ကမ္ဘာ့လူဦးရေရဲ့ တစ်ဝက်နီးပါးနဲ့ ကမ္ဘာ့မြေရီယာရဲ့ လေးပုံတစ်ပုံကို ကိုယ်စားပြုတဲ့ Major Powers များ စုစည်းရာအဖွဲ့အစည်းဖြစ်ပြီး ယင်းရဲ့ ဆက်စပ်အစည်းအဝေး၊ ဆွေးနွေးပွဲတွေကို တက်ရောက်ခြင်းနဲ့ အကြီးအကဲတွေအချင်းချင်း တွေ့ဆုံဆွေးနွေးခဲ့ခြင်းတွေဟာ မြန်မာနိုင်ငံအား နိုင်ငံတကာအသိုက်အဝန်းရဲ့ နွေးထွေးစွာ အသိအမှတ်ပြုမှုကို ပိုမိုရရှိစေခဲ့ပါတယ်။ ဤစင်မြင့်မှာ ပြည်တွင်းငြိမ်းချမ်းရေး၊ နယ်စပ်လုံခြုံရေး၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကြိုးပမ်းမှုတွေနဲ့ ရွေးကောက်ပွဲလုပ်ငန်းစဉ်များအကြောင်း ကမ္ဘာကိုအသိပေး ချပြနိုင်ခဲ့ပါတယ်။ ယခုကဲ့သို့ သမိုင်းဝင်တွေ့ဆုံမှုတွေက နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ နားလည်မှုနဲ့ထောက်ခံမှုကို ရရှိစေပြီး နိုင်ငံတော်ရဲ့ အမျိုးသားအကျိုးစီးပွားအတွက် အထောက်အကူပြုမယ့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်ကို ခိုင်မာလေးနက်စွာ ပုံဖော်ချိတ်ဆက် တည်ဆောက်နိုင်ခဲ့ပြီဖြစ်ပါတယ်။

SCO အဖွဲ့ဝင်နိုင်ငံတွေရဲ့ ကုန်သွယ်မှုပိုင်းဆိုင်ရာအား လေ့လာကြည့်ရာမှာ ၂၀၂၄ ခုနှစ်မှာ

စာမျက်နှာ ၈ သို့ ☆






တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ မိုဒီတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။






☆ စာမျက်နှာ ၇ မှ

တရုတ်နဲ့ အခြား SCO အဖွဲ့ဝင်နိုင်ငံများကြား ကုန်သွယ်မှုဟာ အမေရိကန်ဒေါ်လာ ၅၁၂ ဒသမ ၄ ဘီလီယံအထိရှိခဲ့ကြောင်း တွေ့ရှိရပါတယ်။ တရုတ်လုပ်ငန်းကုမ္ပဏီတွေဟာ SCO အခြားအဖွဲ့ဝင် နိုင်ငံတွေမှာ လုပ်ငန်းစုစုပေါင်း ၃၀၀၀ ကျော် တည်ထောင်ထားပြီးဖြစ်ကာ နှစ်စဉ်ပျမ်းမျှ အလုပ်အကိုင်နေရာ နှစ်သိန်းကျော်ကို ဖန်တီးပေးနေပါတယ်။ မြန်မာနိုင်ငံအနေနဲ့ SCO နဲ့ ဆက်ဆံမှုတွေ နက်ရှိုင်းလာတာနဲ့အမျှ ရင်းနှီးမြှုပ်နှံမှုများစွာကို ပိုမိုဆွဲဆောင်နိုင်လာမှာ ဖြစ်ပါတယ်။ ၂၀၂၄ ခုနှစ်အတွင်း တရုတ်နိုင်ငံဟာ SCO အဖွဲ့ဝင်နိုင်ငံတွေမှ အမေရိကန်ဒေါ်လာ ၉၀ ဘီလီယံတန်ဖိုးရှိ ရေနံစိမ်း၊ သဘာဝဓာတ်ငွေ့နဲ့ ကျောက်မီးသွေးများ တင်သွင်းနိုင်ခဲ့ပါတယ်။ ဒါကြောင့် **မြန်မာနိုင်ငံအနေနဲ့ SCO အတွင်း သဘာဝဓာတ်ငွေ့နဲ့ စွမ်းအင်ထောက်ပံ့ရေး ကဏ္ဍတွေမှာ ရှေ့တန်းကပါဝင်လာနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်တွေ (ဆန်၊ ပဲ၊ နှမ်း)နဲ့ သစ်တောထွက်ပစ္စည်းတွေအပါအဝင် အခြားစွမ်းအင်သုံးကုန်ကြမ်းတွေကို နိုင်ငံတကာဈေးကွက်ကြီးဆီကို တင်ပို့နိုင်ဖို့ အခွင့်အလမ်းများစွာ ရရှိနိုင်မှာဖြစ်ပါတယ်။ SCO ရဲ့ "စီမံလန်းတဲ့ဖွံ့ဖြိုးမှုဖိုရမ်" ကဲ့သို့ မဟာဗျူဟာမြောက် ဆွေးနွေးပွဲတွေကို တက်ရောက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နဲ့ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးနဲ့နည်းပညာပံ့ပိုးမှုတွေ ရရှိလာမှာဖြစ်ပါတယ်။** SCO အဖွဲ့ဝင်နိုင်ငံအချို့ဟာ စိုက်ပျိုးရေးအဆင့်မြင့်နည်းပညာများ ပိုင်ဆိုင်ထားရှိခြင်းနဲ့အတူ ၎င်းတို့ထံမှ ခေတ်မီစိုက်ပျိုးရေး နည်းပညာတွေ သင်ယူနိုင်ပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

လုံခြုံရေးဆိုင်ရာ ပူးပေါင်းရယူနိုင်မယ့် အခွင့်အလမ်းတွေအဖြစ် **SCO ရဲ့ ဒေသတွင်း အကြမ်းဖက်မှုတိုက်ဖျက်ရေးအဖွဲ့ (Regional Anti–Terrorist Structure –RATS)**မှတစ်ဆင့် ဒေသတွင်း လုံခြုံရေးခြိမ်းခြောက်မှုတွေဖြစ်တဲ့ အကြမ်းဖက်ဝါဒ၊ ဆိုက်ဘာလုံခြုံရေး၊ မူးယစ်ဆေးဝါးကုန်ကြမ်းများ တင်သွင်းမှုနဲ့ လက်နက်မှောင်ခိုကိစ္စရပ်များ စတာတွေကို ပူးပေါင်းတိုက်ဖျက်ရာမှာ နည်းပညာနဲ့ သတင်းအချက်အလက်ဖလှယ်မှုတွေကို ထိထိရောက်ရောက် ပြုလုပ်လာနိုင်မှာ ဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံတွေနဲ့ နယ်စပ်ဒေသလုံခြုံရေး ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ခြင်းနဲ့အတူ နယ်စပ်ဒေသတစ်လျှောက် တည်ငြိမ်ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားကောင်းစေမှာပဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ယခုအခါ အင်အားကြီး နိုင်ငံအချို့သည် အခြားနိုင်ငံများ၏ ၎င်းတို့နှင့်လိုက်လျောညီထွေဖြစ်သည့် ဒီမိုကရေစီနှင့်အညီ ရပ်တည်ဆောင်ရွက်နေမှု၊ ၎င်းတို့နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် အခြေအနေများကို ဥပေက္ခာပြုပြီး နိုင်ငံရေး၊ စီးပွားရေး၊ ဘဏ္ဍာရေး၊ စစ်ရေးဖိအားပေးမှုမျိုးစုံဖြင့် အနိုင်ကျင့်နေကြပါကြောင်း၊ ယခုကဲ့သို့အခြေအနေမျိုးကို တုံ့ပြန်နိုင်ဖို့ အတွက် SCO အဖွဲ့ကို စီးပွားရေးပေါင်းစည်းမှု၊ ယဉ်ကျေးမှုဖလှယ်မှုနှင့် မဟာဗျူဟာကျသည့် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ အသွင်ကူးပြောင်းလာခဲ့ရာ လက်ရှိအခြေအနေတွင် အဖွဲ့ဝင်နိုင်ငံများ၊ ဆွေးနွေးဖက်နိုင်ငံများ၊ လေ့လာသူအဆင့် နိုင်ငံများအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး Platform တစ်ခုအဖြစ် ရောက်ရှိလာပြီး ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်တုံ့ပြန်လျက်ရှိပါကြောင်း၊ မိမိတို့ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၅-၂၀၃၅ ကာလအတွက် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ (SCO Development Strategy for the Next Decade : 2025–2035)ကို ကြိုဆိုထောက်ခံပါကြောင်း၊ အနာဂတ်တွင်လည်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှု(SCO)၏ မူဘောင်များအတွင်း ရိုးရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် လေးစားမှုတို့အပေါ်အခြေခံပြီး ဘုံအကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း" အလေးအနက်ဆွေးနွေး ပြောကြားခဲ့ပါတယ်။

သို့ဖြစ်ရာ မကြာသေးခင်က တီယန်ကျင်းမှာ အောင်မြင်စွာကျင်းပပြုလုပ်ပြီးစီးခဲ့တဲ့ SCO ထိပ်သီးအစည်းအဝေးဟာ မြန်မာနိုင်ငံအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေးနဲ့ နည်းပညာဆိုင်ရာ အခွင့်အလမ်းများစွာကို ဆောင်ကြဉ်းပေးလာခဲ့ပြီဖြစ်ပါတယ်။ အထူးသဖြင့် အမြဲတမ်း အဖွဲ့ဝင်နိုင်ငံဖြစ်ရေး၊ ကုန်သွယ်ရေးနဲ့ ရင်းနှီးမြှုပ်နှံရေးကဏ္ဍများ တိုးမြှင့်ဆောင်ရွက်နိုင်ရေးသာမက လုံခြုံရေးဆိုင်ရာကိစ္စရပ်များမှာ SCO နိုင်ငံများအကြား ပိုမိုပူးပေါင်းဆောင်ရွက်သွားနိုင်တော့မှာဖြစ်ပါတယ်။ ယနေ့ ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ (SCO) ထိပ်သီးအစည်းအဝေးကြီးဟာ မကြာခင် မြန်မာနိုင်ငံမှာ ကျင်းပတော့မယ့် အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးစီးရေးနဲ့ အနာဂတ်စာမျက်နှာသစ် ဖွင့်လှစ်ရာမှာ ရေရှည်တည်တံ့ပြီး ကြံ့ကြံ့ခံနိုင်ရည်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေနဲ့ ပြည့်စုံကြွယ်ဝတဲ့ နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတို့အတွက် အခွင့်အလမ်းကောင်းများရရှိစေခဲ့ပြီး မဟာဗျူဟာပေါင်းစည်းမှု မှတ်တိုင်ကြီးတစ်ခုအဖြစ် သမိုင်းတင်စွဲထင်ကျန်ရစ်စေမှာ ဖြစ်ပါကြောင်း.....။ ။



တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင် တရုတ်ပြည်သူများ၏ ဂျပန်ခုခံတော်လှန်ရေးစစ်ပွဲနှင့် ကမ္ဘာ့ဖက်ဆစ်ဆန့်ကျင်ရေးစစ်ပွဲ အောင်နိုင်ခြင်း နှစ်(၈၀)ပြည့် အထိမ်းအမှတ် စစ်ရေးပြအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။

> **"မြန်မာနိုင်ငံအနေနဲ့ SCO အတွင်း သဘာဝဓာတ်ငွေ့နဲ့ စွမ်းအင်ထောက်ပံ့ရေး ကဏ္ဍတွေမှာ ရှေ့တန်းကပါဝင်လာနိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန်တွေ(ဆန်၊ ပဲ၊ နှမ်း) နဲ့ သစ်တောထွက်ပစ္စည်းတွေ အပါအဝင် အခြားစွမ်းအင်သုံး ကုန်ကြမ်းတွေကို နိုင်ငံတကာဈေးကွက်ကြီးဆီသို့ တင်ပို့နိုင်ဖို့ အခွင့်အလမ်းများစွာရရှိနိုင်မှာ ဖြစ်ပါတယ်။ SCO ရဲ့ "စီမံလန်းတဲ့ဖွံ့ဖြိုးမှုဖိုရမ်"ကဲ့သို့ မဟာဗျူဟာမြောက် ဆွေးနွေးပွဲတွေကို တက်ရောက်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် သယ်ယူပို့ဆောင်ရေး၊ စွမ်းအင်နဲ့ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ငွေကြေးနဲ့နည်းပညာပံ့ပိုးမှုများ ရရှိလာမှာဖြစ်"**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတတို့ ဩဂုတ် ၃၀ ရက်က တီယန်ကျင်းမြို့ရှိ တီယန်ကျင်းဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးစဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်ပြည်သူ့ သမ္မတနိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အိန္ဒိယနိုင်ငံဝန်ကြီးချုပ် မစ္စတာ မိုဒီတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စက်တင်ဘာ ၁ ရက်က ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်မှုအဖွဲ့ ထိပ်သီးအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။

# မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေးနှင့် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် စက်တင်ဘာ ၉**

မြန်မာနိုင်ငံ ဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူး၊ ဆက်စပ်ဝန်ကြီးဌာနများမှ အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဘိလပ်မြေ ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် တိုင်းဒေသကြီး၊ ပြည်နယ်ရှစ်ခုတို့တွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့မည့် ဘိလပ်မြေအိတ် ၅ ဒသမ ၃၄ သန်းကို ဖြန့်ဝေနိုင်ရန် ဘိလပ်မြေထုတ်လုပ်သူများအသင်းနှင့် ညှိနှိုင်းရရှိပြီးဖြစ်ကြောင်း၊ ဘိလပ်မြေထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြန့်ပွားစေရေးအတွက် နည်းပညာတက္ကသိုလ်၊ နည်းပညာကောလိပ်စသည့် အသက်မွေးဝမ်းကျောင်း ပညာသင်ကျောင်းများတွင် ဘာသာရပ်တစ်ခုအနေဖြင့် ထည့်သွင်းသင်ကြားပေးနိုင်ရေး ဆွေးနွေးလျက်ရှိကြောင်း၊ ဘိလပ်မြေစက်ရုံများအနေဖြင့် ကျောင်းသားကျောင်းသူများ လက်တွေ့လာရောက် ကွင်းဆင်းရာတွင် လက်ခံဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်ထားရှိရမည်ဖြစ်ကြောင်း။

ဘိလပ်မြေ ထုတ်လုပ်သူများအသင်းအနေဖြင့် ဘိလပ်မြေထုတ်လုပ်မှုနှင့် ဆက်စပ်လုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ဘိလပ်မြေ ထုတ်လုပ်မှုနည်းပညာများနှင့် ပတ်သက်၍ လိုအပ်ချက်များရှိပါက ကူညီဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်း ညှိနှိုင်းအစည်းအဝေး (၄/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

ဆက်လက်၍ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက (၃/၂၀၂၅) အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်မှု၊ စက်ရုံများ၏ ဘိလပ်မြေတိုးတက်ထုတ်လုပ်မှုနှင့် အခက်အခဲများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မှု အခြေအနေတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံဘိလပ်မြေထုတ်လုပ်သူများအသင်းဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့က ဘိလပ်မြေအရည်အသွေးကို နိုင်ငံတကာအဆင့်မီ စစ်ဆေးနိုင်ရေးအတွက် ဓာတ်ခွဲခန်းတည်ဆောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ထုတ်လုပ်မှု နည်းပညာအဆင့်ဆင့်အား လွှဲပြောင်းရရှိရေး ဆောင်ရွက်နေမှု၊ ဘိလပ်မြေစက်ရုံများ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ဝိုင်းဝန်းကူညီဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့မှု အခြေအနေတို့ကို လည်းကောင်း၊ ဘိလပ်မြေစက်ရုံများမှ တာဝန်ရှိသူများက စက်ရုံအလိုက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဖြန့်ဖြူးရောင်းချမှု၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်စဉ် တွေ့ကြုံရသည့် အခက်အခဲများကို လည်းကောင်း၊ ဘိလပ်မြေထုတ်လုပ်သူများ အသင်းတွင်ပါဝင်သည့် ဝန်ကြီးဌာန ကိုယ်စားလှယ်များက စက်ရုံအလိုက်လိုအပ်ချက်များကို ကူညီဖြည့်ဆည်း ဆောင်ရွက်ပေးနေမှု အခြေအနေတို့ကိုလည်းကောင်း၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ငလျင်ဒဏ်သင့်ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဘိလပ်မြေများ ဖြန့်ဖြူးပေးနိုင်ရေး အခြေအနေတို့ကို လည်းကောင်း၊ တက်ရောက်လာသူများက ဘိလပ်မြေများ အရည်အသွေး ပြည့်မီစွာထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားရမည့် အခြေအနေ၊ နည်းပညာလွှဲပြောင်းရရှိရေးဆိုင်ရာ ကိစ္စရပ်များ၊ စက်မှုလုပ်ငန်းများနှင့် ကျောင်းများ ချိတ်ဆက်ဆောင်ရွက်သွားမည့် အခြေအနေတို့ကိုလည်းကောင်း ဝိုင်းဝန်းဆွေးနွေးကြပြီး စက်ရုံများကတင်ပြသည့် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေး၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မွန်းလွဲပိုင်းတွင် စီမံကိန်းကြီးကြပ်မှုကော်မတီ ညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်က ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွင်း ရန်ပုံငွေပါလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ အစည်းအဝေးတက်ရောက်လာသည့် အဖွဲ့ဝင်များက စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ သတ်မှတ်ဘဏ္ဍာရေးနှစ်အလိုက် လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ကိုလံဘီယာနိုင်ငံ ရီယိုအာချာမြို့၌ ကျင်းပသည့် ရွှေ့ပြောင်းသွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာဖိုရမ် (၁၅)ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၉**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနိုင်မင်းကျော် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုလံဘီယာနိုင်ငံ ရီယိုအာချာမြို့၌ စက်တင်ဘာ ၂ ရက်မှ ၄ ရက်အထိ ကျင်းပခဲ့သည့် ရွှေ့ပြောင်းသွားလာမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာဖိုရမ်၏ (၁၅) ကြိမ်မြောက် ထိပ်သီးဆွေးနွေးပွဲ (15th Summit of the Global Forum on Migration and Development) သို့ တက်ရောက်ခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဖိုရမ်ပထမနေ့တွင် ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း၊ "Striking a New Deal on Pathways: Aligning Priorities for Countries of Destination and Origin" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းသို့လည်းကောင်း၊ Durable Solutions to Internal Displacement ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းသို့လည်းကောင်း တက်ရောက်ခဲ့သည်။ ဆွေးနွေးပွဲဖိုရမ် ဒုတိယနေ့တွင် "Care work in migration, recognition, advocacy and progress on the global and regional migration" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့်စကားဝိုင်းကို လည်းကောင်း၊ "Restoration of Rights as the Cornerstone for a Dignified Return" ခေါင်းစဉ်ဖြင့် ကျွမ်းကျင်သူအဆင့် စကားဝိုင်းကို လည်းကောင်း တက်ရောက်ခဲ့သည်။ ဖိုရမ်တတိယနေ့တွင် Future of the Forum ကို လည်းကောင်း၊ ပိတ်ပွဲအခမ်းအနားကို လည်းကောင်း တက်ရောက်ခဲ့ကြသည်။



အဆိုပါဖိုရမ် ဖွင့်ပွဲအခမ်းအနားသို့ ကိုလံဘီယာ သမ္မတ H.E. Mr. Gustavo Petro နှင့် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ Mrs. Rosa Yolanda Villavicencio Mapy တို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ပြီး နိုင်ငံပေါင်း ၆၉ နိုင်ငံမှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် လေ့လာသူများ ၇၃ ဖွဲ့ စုစုပေါင်းအင်အား ၁၂၀၀ ခန့် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲအား ရွှေ့ပြောင်းသွားလာမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပတ်သက်၍ ပွင့်လင်းမြင်သာမှုရှိပြီး အပြုသဘောဆောင်သော မူဝါဒဆွေးနွေးပွဲများကို အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအကြား အပြန်အလှန်ဆွေးနွေးဖလှယ်၍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်သွားရန် ရည်ရွယ်ကာ ကျင်းပခဲ့ခြင်းဖြစ်သည်။

ဒုတိယဝန်ကြီးသည် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ရပ်နားစဉ် ပါရီမြို့ရှိ မြန်မာသံရုံးမှ သံရုံးဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်အောင်မြို့နယ်၌ တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်း သင်တန်းဖွင့်

**မြန်အောင် စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်း ဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်အောင်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးတင်ထွန်းအောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိရေး၊ ဝင်ငွေတိုးလုပ်ငန်းများ ပိုမိုတွင်ကျယ်စွာ ဆောင်ရွက်နိုင်လာစေရန်နှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် သင်တန်းသူ ၂၀ တို့အား စက်တင်ဘာ ၁၂ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်သည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြု တန်ဖိုးမြှင့်စားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းတွင် ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (နည်းပညာ) ဦးသန်းဇော်စိုးနှင့်အဖွဲ့ဝင်များက စာတွေ့၊ လက်တွေ့ သင်ကြားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။



**ဝင်းဗိုလ်(မြန်/ဆက်)**

# ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ လုံခြုံရေးညှိနှိုင်းအစည်းအဝေး ကျင်းပ



ရန်ကုန် စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ဆိုင်ရာ လုံခြုံရေးညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ခရိုင်နှင့် မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ အတွင်းရေးမှူးတို့က ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကာလ လုံခြုံရေးဆိုင်ရာ လုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်စီမံဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ညနေပိုင်းတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပသည့် မြန်မာ လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းတို့၏ ၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

၂၀၂၆ အာရှဖလား ယူ-၂၃ ခြေစစ်ပွဲတွင် အာဖဂန်နစ္စတန်လက်ရွေးစင် ယူ-၂၃ အမျိုးသားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်း သိရသည်။

ဖွဲ့ထက်ကို(ပြန်/ဆက်)



## ပြင်ဦးလွင်မြို့နယ်၌ ပိုးစာနှင့်စပ်လျဉ်းသည့် ပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပ

ပြင်ဦးလွင် စက်တင်ဘာ ၉

ပိုးစာမျိုးခွဲခြားခြင်းနှင့် စိုက်ပျိုးထုတ်လုပ်ခြင်း၊ ပိုးဥဖောက်ခြင်း၊ ပိုးမွေးမြူခြင်း၊ ပိုးရောဂါကြိုတင်ကာကွယ်ခြင်းနှင့် နှိမ်နင်းခြင်း (Physical) ပညာပေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့ရှိ ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေး ဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် စိုက်ပျိုးရေးဦးစီးဌာန ဝါနှင့်လျှော်မျှင်ထွက် သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါ်အေးမိမိစိုးနှင့် မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအုန်းမောင်တို့က အမှာစကားပြောကြားပြီး ပိုးသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးဗဟိုဌာန ခြံတာဝန်ခံ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာအေးနွယ်ဝင်းက သင်တန်းဖွင့်လှစ်ရသည့် ရည်ရွယ်ချက်ကို ပြောကြားသည်။

သင်တန်းတွင် သင်တန်းသား ၁၀ ဦး တက်ရောက်သွားမည်ဖြစ်ပြီး ငါးရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ထားဝယ်မြို့၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲ ကျင်းပ



ထားဝယ် စက်တင်ဘာ ၉

တနင်္သာရီ တိုင်းဒေသကြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာန၏ လမ်းညွှန်ကြီးကြပ်မှုဖြင့် ထားဝယ်ခရိုင် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် "ကမ္ဘာ့အိုဇုန်းလွှာ ထိန်းသိမ်းရေးနေ့"အထိမ်းအမှတ် အဖြစ် စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ထို့နောက် တိုင်းဒေသကြီး ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းအုန်းနှင့် တာဝန်ရှိသူများက ပါဝင်ယှဉ်ပြိုင်နေကြသည့် ကျောင်းသား ကျောင်းသူများအား ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲ၌ အခြေခံပညာ ကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူများက ယခုနှစ် အထိမ်းအမှတ် ဆောင်ပုဒ် ဖြစ်သည့် "အိုဇုန်းလွှာကာကွယ်ရေးသိပ္ပံပညာဖြင့် တစ်ကမ္ဘာလုံးမြှင့်တင်ဆောင်ရွက်ပေး" ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၆ ဦး၊ ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၆၀ ပါဝင်ယှဉ်ပြိုင်ဖြေဆိုခဲ့သော ကျောင်းသား ကျောင်းသူများအား ကျောင်းသုံးဗလာစာအုပ်နှင့် ဘောပင်များ၊ ပန်းချီဆွဲစက္ကူနှင့် ရောင်စုံခြယ်ဆေးဘူးများ၊ မုန့်များနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ငွေဇင်ယော်(ထားဝယ်)**

## ပုဗ္ဗသီရိမြို့နယ်၌ အာဟာရကျွေးမွေး

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ KG ကျောင်းသား ကျောင်းသူများအား ကျောင်းတွင်းအာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် နေပြည်တော် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒေါက်တာဇော်ဝင်းမြင့်၊ ပုဗ္ဗသီရိမြို့နယ် ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ဒေါက်တာသိမ့်သိမ့်ထွေး၊ မြို့နယ်သူနာပြုအဆင့်(၁) ဒေါ်မိုးမိုးခိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများက KG ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၆၁ ဦးအား အာဟာရပြည့်ဝစေသော ကြက်သားခေါက်ဆွဲကြော်၊ ကြက်သားစွပ်ပြုတ်၊ ဖီးကြမ်းငှက်ပျောသီး၊ ဗီတာမင်နှင့် မင်နရယ်ပေါင်းဒါများကို ကျောင်းတွင်းအာဟာရအဖြစ် ကျွေးမွေးခဲ့ကြကြောင်း သိရသည်။



နန်းရွှေရတီ(ပြန်/ဆက်)



## (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၉

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့ လေကြောင်းရဲတပ်ဖွဲ့ မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များသည် (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် လယ်ဝေးမြို့နယ်ရှိ (ခုတင်-၁၀၀)ပြည်သူ့ဆေးရုံ၌ စုပေါင်း သွေးလှူဒါန်းကြသည်။

ထိုသို့ တပ်ဖွဲ့ဝင် ၂၂ ဦး စုပေါင်းသွေးလှူဒါန်းမှုကို လေကြောင်း ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ် ထူးအောင်၊ မြို့နယ်ဆေးရုံအုပ်ကြီး ဒေါက်တာ နန္ဒာကျော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က ကျောက်တန်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းဇော်နှင့် ကျောက်တန်းမြို့မရဲစခန်းမှူး ဒုရဲမှူးမျိုးလှိုင် ဦးစီးသောရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ အမှတ်(၅၃)ယာဉ်ထိန်းတပ်ဖွဲ့ဝင်များက ရေးဟောင်းသမိုင်းဝင် ကျိုက်ပြဿဒ်တန့် (မင်းကျောင်း) စေတီတော်ရင်ပြင်တော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။

နိုးတူး(ကျောက်တန်း)





(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တံတားဦးခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ခင်မောင်ဇော် ဦးဆောင်၍ ရဲတပ်ဖွဲ့ဝန်ထမ်းများ၏ စုပေါင်းသွေးလှူဒါန်းခြင်းကို စက်တင်ဘာ ၇ ရက်က တံတားဦးမြို့ ပြည်သူ့ဆေးရုံရှိ သံဃာဆေးကုသဆောင်၌ သွေးလှူဒါန်းကြစဉ်။

ရဲတင့်(ပြန်/ဆက်)

# ပဲခူးတက္ကသိုလ်၌ မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်(၂၀၂၅) အတွေ့အကြုံစကားဝိုင်း ဆွေးနွေးပွဲအခမ်းအနား ကျင်းပ



ပဲခူး စက်တင်ဘာ ၉

မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်(၂၀၂၅) အတွေ့အကြုံစကားဝိုင်း ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် ပဲခူးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်(၂၀၂၅) သို့ တက်ရောက်ခဲ့သည့် ပဲခူးတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်**

ဦးစွာ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက လူငယ့်အားမာန် သီချင်းဖြင့် ဆွေးနွေးပွဲကို ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က လူငယ်မောင်မယ်များသည် အနာဂတ်ကိုစောင့်ဆိုင်းနေသူများမဟုတ်ကြောင်း၊ ပစ္စုပ္ပန်ကို မောင်းနှင်နေကြသူများဖြစ်သကဲ့သို့ အနာဂတ်ကို ထုဆစ်ပုံဖော်နေကြသည့် ဗိသုကာပညာရှင်များဖြစ်ကြောင်း၊ နိုင်ငံတော်၏ အဖိုးတန်ဆုံး ရတနာများဖြစ်သည့် လူငယ်များအနေဖြင့် လန်းဆန်းတက်ကြွသည့် အသွင်သဏ္ဌာန်များ၊ ယုံကြည်ရဲရင့်သည့် စိတ်ဓာတ်များဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ကဏ္ဍစုံ၊ ဘက်ပေါင်းစုံမှ တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်သွားကြစေ လိုကြောင်း ပြောကြားပြီး ပဲခူးတက္ကသိုလ်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က နှုတ်ခွန်းဆက်စကားပြောကြားပြီး ပဲခူးတက္ကသိုလ်အတွက် အားကစားပစ္စည်းများ ပေးအပ်ကာ အုပ်ချုပ်သူတစ်ဦးက မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ် (၂၀၂၅) သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများက “ပန်းတိုင်းပွင့်ပါစေ” တေးသီချင်းဖြင့် ဖျော်ဖြေပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များ၊ ပဲခူးတက္ကသိုလ်ရှိ အနုပညာအသင်း၊ ဗုဒ္ဓဘာသာအသင်း၊ အားကစားအသင်း၊ ခြေလျင်တောင်တက် အသင်းနှင့် ကြက်ခြေနီ အသင်းအတွက် ဂုဏ်ပြုငွေများ ပေးအပ်သည်။

**ပြန်လည်ဆွေးနွေး**

ဆွေးနွေးပွဲတွင် မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်(၂၀၂၅)သို့ တက်ရောက်ခဲ့သည့် လူငယ်ကိုယ်စားလှယ်များက “ပြောင်းလဲနေသောကမ္ဘာနှင့် မြန်မာ-ပထဝီနိုင်ငံရေး”၊ “ပြောင်းလဲနေသော ကမ္ဘာနှင့် မြန်မာ-ပထဝီ စီးပွားရေး” ခေါင်းစဉ်များဖြင့် ဆွေးနွေးပြောကြားကြပြီး အုပ်ချုပ်သူတစ်ဦးက ဆွေးနွေးခဲ့သည့် ခေါင်းစဉ်များနှင့် ပတ်သက်၍ အနှစ်ချုပ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကော့မှူးမြို့နယ် နတ်ရေတွင်းကျေးရွာ၌ အဆင့်မြင့်စက်ချုပ်နှင့် မော်တာနင်းသင်တန်း ဖွင့်လှစ်

ကော့မှူး စက်တင်ဘာ ၉

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုဖြင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနက ကြီးမှူး၍ အဆင့်မြင့်စက်ချုပ်နှင့် မော်တာနင်းသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ် နတ်ရေတွင်းကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

**တက်ရောက်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးက ကျေးရွာနေတိုင်းရင်းသား လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး လူမှုဘဝမြင့်မားတိုးတက်လာစေရန်၊ တစ်ဖက်တစ်လမ်းမှ မိသားစုဝင်ငွေတိုးပွားစေရန် အလုပ်အကိုင် အခွင့်အလမ်းများရရှိရေးအတွက် အဆင့်မြင့်စက်ချုပ်နှင့် မော်တာနင်းသင်တန်းအား ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၉ ရက်မှ နိုဝင်ဘာ ၉ ရက်အထိ တစ်လကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး သင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကျော်သူရ(ကော့မှူး)**





ကျောက်ဆည်မြို့၌ (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၈ ရက်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူးကျော်စိုးမိုး ဦးဆောင်မှုဖြင့် ရွှေစေတီဘုန်းတော်ကြီးကျောင်း အတွင်း၊ အပြင်များတွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# မိတ္ထီလာမြို့၌ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ




မိတ္ထီလာ စက်တင်ဘာ ၉

မိတ္ထီလာခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများအား ခရိုင်အဆင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးက အမှာစကားပြောကြားပြီး လေးဘာသာဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများထံသို့ ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ဂုဏ်ပြုဆုချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်အတွင်းမှ ဂုဏ်ထူးရကျောင်းသားကျောင်းသူများထံသို့ ဂုဏ်ပြုငွေများနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို မိတ္ထီလာတပ်နယ်မှ တပ်မတော်အရာရှိကြီးများ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။ ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် လေးဘာသာဂုဏ်ထူးရ ၁၈၇ ဦး၊ သုံးဘာသာဂုဏ်ထူးရ ၈၂၁ ဦး၊ နှစ်ဘာသာ ဂုဏ်ထူးရ ၅၃၀၊ တစ်ဘာသာဂုဏ်ထူးရ ၇၆၁ ဦး စုစုပေါင်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူ ၂၂၉၉ ဦးအတွက် ဂုဏ်ပြုချီးမြှင့်ငွေ စုစုပေါင်း ကျပ် ၁၀၀၆၄၀၀၀၀ ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**



ရထားရဲတပ်ဖွဲ့ အမှတ်(၁၉) တပ်ခွဲမှူးရုံး လက်ပံတန်းမှ တပ်ခွဲမှူး ဒုတိယရဲမှူးစန်ယုနှင့် တပ်ဖွဲ့ဝင်များ (၆၁)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက မြို့မရပ်ကွက် တာဆိပ်လမ်း ရေဝိုင်း ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု



ပဲခူးတိုင်းဒေသကြီး ကြို့ပင်ကောက်မြို့နယ် ရဲတပ်ဖွဲ့က (၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၉ ရက်တွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းသိန်း ဦးစီး၍ မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်ဇော်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ သတင်းရဲတပ်ဖွဲ့နှင့် စုစုပေါင်း အင်အား ၄၀ တို့က အထက(ဘုရင့်နောင်)ကျောင်းဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ


# ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၉**

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၄ နာရီက တောင်ကြီးမြို့ တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင် ခန်းမ၌ ကျင်းပသည်။



ဆုချီးမြှင့်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အခြေခံပညာ (၁၀-၁၅) အမျိုးသား မဟာဂီတအဆိုပထမဆု၊ အမျိုးသမီးမဟာဂီတ အဆို ဆုရရှိသူများ၊ အခြေခံပညာ (၁၅- ၂၀) အမျိုးသား မဟာဂီတအဆို ဆုရရှိသူများကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက အခြေခံပညာ (၁၅- ၂၀) အမျိုးသား အမျိုးသမီးမဟာဂီတအဆို ဆုရရှိသူ များ၊ အခြေခံပညာ (၁၀- ၁၅) အမျိုးသား အမျိုးသမီး အဆို ခေတ်ဟောင်းကာလပေါ် ဆုရရှိသူများကို လည်းကောင်း ဆုများချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ အခြေခံပညာ(၁၅-၂၀) အမျိုးသား အမျိုးသမီးအဆို ခေတ်ဟောင်းကာလပေါ် ဆုရရှိသူ များ၊ အဆင့်မြင့်ပညာ အမျိုးသား အမျိုးသမီး အဆို ခေတ်ဟောင်း ကာလပေါ် ဆုရရှိသူများ၊ အဆင့်မြင့် ပညာအမျိုးသား အမျိုးသမီးအဆို အမျိုးဂုဏ် ဇာတိ ဂုဏ်မြှင့်တင်ရေး တေးသီချင်းတွင် ဆုရရှိသူများ၊ အခြေခံပညာ(၁၀-၁၅) နှင့် (၁၅-၂၀) အမျိုးသား အမျိုးသမီး အကဆုရရှိသူများ၊ အဆင့်မြင့်ပညာ အမျိုးသား အမျိုးသမီး အကဆုရရှိသူများ၊ အခြေခံ ပညာအမျိုးသမီး (၁၀-၁၅) ကဗျာလွတ်အက ဂုဏ်ပြု ဆုရရှိသူများ၊ အခြေခံပညာ (၁၀-၁၅)နှင့်(၁၅-၂၀) စန္ဒရား၊ ပတ္တလား၊ ဒုံမင်း၊ နှဲ၊ ဆိုင်းဝိုင်းကြီးအဖွဲ့၊ အိုးစည်၊ ဒိုးပတ်ဆုရရှိသူများကို ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အတွင်းရေးမှူးနှင့် တာဝန်ရှိသူတို့က ဆုများချီးမြှင့်ပေးအပ်ကြသည်။

ထို့နောက် ရှမ်းပြည်နယ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲတွင် ပါဝင်ဆောင်ရွက်ပေးကြသော အကဲဖြတ် ဒိုင်များ၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာဦးစီးဌာန တို့အား ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးမင်းမင်းလွင် က ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ရာ တာဝန်ရှိသူများ က လက်ခံရယူကြပြီး ပြိုင်ပွဲတွင် ဆုရရှိသူများက ပြန်လည်သီဆို ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ နေပြည်တော်သို့ သွားရောက်ယှဉ်ပြိုင်မည့် ရှမ်းပြည်နယ်ကိုယ်စားပြုအဖွဲ့ထံသို့ ပြည်နယ်ဝန်ကြီး ချုပ်က အောင်နိုင်ရေးအလံ ပေးအပ်ရာ ပြည်နယ် လူမှုရေးရာဝန်ကြီးနှင့် တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ အောင်နေမျိုးတို့က လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



## ငါးသိုင်းချောင်းမြို့၌ အခြေခံဝါးလက်မှုထည်သင်တန်း ဖွင့်လှစ်

**ငါးသိုင်းချောင်း စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့၌ အသေးစားစက်မှု လက်မှုလုပ်ငန်းဦးစီးဌာနကကြီးမှူး၍ ကျင်းပဖွင့်လှစ်သည့် လက်မှုရွာ စီမံကိန်းလုပ်ငန်းဖြစ်သည့် အခြေခံဝါးလက်မှုထည် သင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က မအူကုန်းကျေးရွာအုပ်စု စံပြကျေးရွာ၌ ပြုလုပ် သည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိုးမိုးကြည်က အမှာစကား ပြောကြားပြီး ရေကြည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဇော်လင်းက သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှရရှိသည့် ဗဟုသုတများကို လက်တွေ့လုပ်ငန်းခွင်တွင် အသုံးချကာ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်စေရန် တိုက်တွန်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသူ ၂၀ တက်ရောက်ပြီး သင်တန်း ကာလမှာ စက်တင်ဘာ ၉ ရက်မှ ၂၈ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။ သင်တန်းတွင် ဝါးလက်မှုပညာရှင်များက သင်ကြားပေးမည်ဖြစ်ပြီး ဝါးဖြင့်ပြုလုပ်သော ပစ္စည်းအမျိုးမျိုးဖြစ်သည့် စားပွဲတင်နာရီ၊ တစ်ရှူး ဘောက်၊ ဖုန်းတင်စင်၊ ပန်းအိုး စသည်တို့ကို လက်တွေ့ပြုလုပ်ပုံ အဆင့်ဆင့်ကို သင်ကြားပေးမည်ဖြစ်ပြီး လုပ်ငန်းထူထောင်လုပ်ကိုင် နိုင်ရန်အတွက် လုပ်ငန်းသုံးစက်ပစ္စည်းများကိုလည်း ပေးအပ်ချီးမြှင့် မည်ဖြစ်ကြောင်း သိရသည်။

**ငါးသိုင်းချောင်း(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**မကွေး စက်တင်ဘာ ၉**

မကွေးတိုင်းဒေသကြီး (၂၆)ကြိမ် မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက် နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြိုင်ပွဲကို မကွေးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ နယ်မြေခံတပ်နယ်မှ အရာရှိကြီး များ၊ တိုင်းဒေသကြီး ဝန်ကြီးများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မကွေးတိုင်းဒေသ ကြီးဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။ ဆက်လက်၍ တေးသံရှင် ဝိုင်းချစ်နှင့် အခြေခံပညာ ကျောင်းသား ကျောင်းသူများက သီဆိုဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက်တိုင်းဒေသကြီးဝန်ကြီး ချုပ်က မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဒိုင်အဖွဲ့ဝင်များနှင့် ဝင်ရောက် ယှဉ်ပြိုင်မည့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

မကွေးတိုင်းဒေသကြီး အဆင့် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို စက်တင်ဘာ ၁၀ ရက်အထိ သုံးရက် ကြာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၉ ရက်နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ခနောင်တိုအရှေ့ရပ်ကွက်ရှိ သီရိမင်္ဂလာ ဘုန်းတော်ကြီးကျောင်းဝင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်ထွန်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့ဝင် များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

ဝေယံ(ပြန်/ဆက်)



(၆၁)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသော အားဖြင့် စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ပြည်မြို့ရှိ ခေတ္တရာဘိုးဘွား ရိပ်သာ၌ ပြည်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်လတ် ဦးဆောင်သော ပြည်အမှတ်(၃)နယ်မြေရဲစခန်းမှူး ရဲအုပ် ခွန်ကောင်းမြတ်နှင့် တပ်ဖွဲ့ ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

## ဟသ်ာတမြို့နယ်၌ အခွန်ဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**ဟသ်ာတ စက်တင်ဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်၌ အခွန်ဆိုင်ရာ ကိစ္စရပ် များနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများ ရှင်းလင်းဆွေးနွေးပွဲကို စက်တင်ဘာ ၉ ရက်က ပြည်တွင်းအခွန်များ ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတမြို့နယ် အခွန်ကောက်ခံရရှိမှု အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အမှာစကား ပြောကြားသည်။ ဆက်လက်၍ ဟသ်ာတမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးအောင်လွင်က ၂၀၂၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေ အပါအဝင် တည်ဆဲအခွန်ဥပဒေများအရ လိုက်နာဆောင်ရွက်ရမည့် အချက်များ၊ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်း အနားသို့ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်း ခြင်းများ ဆောင်ရွက်ခဲ့ရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားသည်။

အဆိုပါ အခမ်းအနားသို့ အခွန်ထမ်းပြည်သူများနှင့် မြို့ပေါ် လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကမ္ဘောဒီးယားနိုင်ငံ၌ တက်ချိုအပြည်ပြည်ဆိုင်ရာလေဆိပ် ဖွင့်လှစ်



**ဖနောင်ပင် စက်တင်ဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံ မြို့တော်ဖနွမ်းပင်တွင် တက်ချိုအပြည်ပြည်ဆိုင်ရာလေဆိပ်ကို စက်တင်ဘာ ၉ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။ ၎င်းလေဆိပ်သည် ကမ္ဘောဒီးယားနိုင်ငံတွင် အကြီးဆုံးလေဆိပ် ဖြစ်လာခဲ့သည်။

အဲကမ္ဘောဒီးယားလေကြောင်းလိုင်းမှ ပြေးဆွဲသည့်လေယာဉ်သည် တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် မြို့တော်ကွမ်ကျိုးမှ ပျံသန်းလာပြီး စက်တင်ဘာ ၉ ရက် နံနက်ပိုင်းတွင် ၎င်းလေဆိပ်သို့ ဆင်းသက်ခဲ့ရာ လေယာဉ်အား ရေပက်ဖျန်းဂုဏ်ပြုခဲ့ပြီး ကမ္ဘောဒီးယားနိုင်ငံ မြို့ပြလေကြောင်းဝန်ကြီး မာအိုဟာဗန်နယ်နှင့် ခရီးသွားလုပ်ငန်းဝန်ကြီး ဟွတ်ဟက်တို့က ကြိုဆိုခဲ့ကြသည်။

တက်ချိုအပြည်ပြည်ဆိုင်ရာ လေဆိပ်ကို တရားဝင်ဖွင့်လှစ်ခြင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့နိုင်ငံများနှင့် ဆက်သွယ်မှုကို ကျယ်ပြန့်စေမည်ဟု လူမှုမီဒီယာပလက်ဖောင်းပေါ်တွင် ဝန်ကြီးချုပ် ဟွန်မာနတ်က ပြောကြားခဲ့သည်။

“လေကြောင်းကဏ္ဍသည် နိုင်ငံတကာမှ ခရီးသွားများ၊ လုပ်ငန်းများကို ဆက်သွယ်နိုင်သည့် နည်းလမ်းများထဲမှ တစ်ခုဖြစ်သည်”ဟု ၎င်းက မှတ်ချက်ပြုပြောကြားသည်။

လေကြောင်းကဏ္ဍသည် နိုင်ငံဝင်ငွေရှာဖွေပေးနေသည့် အရင်းအမြစ်တစ်ခုဖြစ်ကာ နိုင်ငံအတွင်းရှိ အပြည်ပြည်ဆိုင်ရာလေဆိပ်များကို အဆင့်မြှင့်တင်ခြင်းဖြင့် ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားများ အများအပြားလာရောက်စေရေး ဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ယခုကဲ့သို့ အပြည်ပြည်ဆိုင်ရာလေဆိပ်ကို ဖွင့်လှစ်ခြင်းသည် ကမ္ဘောဒီးယား အရပ်ဘက်လေကြောင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် သမိုင်းဝင်မှတ်တိုင်တစ်ခုဖြစ်သည်ဟု ဟာဗန်နယ်က ပြောကြားသည်။

တက်ချိုအပြည်ပြည်ဆိုင်ရာ လေဆိပ်သည် ပြေးလမ်းနှစ်ခုပါရှိသော အပြည်ပြည်ဆိုင်ရာ လေဆိပ်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး လေယာဉ်အမျိုးအစားများဖြစ်သည့် Airbus A380 နှင့် Boeing 747 တို့ ဆင်းသက်နိုင်သည့် အပြည်ပြည်ဆိုင်ရာ လေဆိပ်တစ်ခုဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**



# အာဖဂန်နစ္စတန်ရှိ ငလျင်ဒဏ်သင့်ပြည်သူများအား တရုတ်နိုင်ငံမှ အကူအညီများပေးအပ်မည်

**ပေကျင်း စက်တင်ဘာ ၉**

အာဖဂန်နစ္စတန် ငလျင်ဒဏ်သင့်ပြည်သူများအား တရုတ်နိုင်ငံက အကူအညီများ ပေးအပ်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ လင်ဂျန်းက စက်တင်ဘာ ၈ ရက်တွင် ပြောကြားသည်။

**ပြောကြား**

အာဖဂန်နစ္စတန် ငလျင်အပေါ် တရုတ်နိုင်ငံ၏ ကူညီဆောင်ရွက်မှုများနှင့် ပတ်သက်၍ သတင်းစာရှင်းလင်းပွဲတွင် ၎င်းက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ အာဖဂန်နစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် ငလျင်လှုပ်ခတ်မှုအတွင်း သေဆုံးခဲ့သည့် ဒေသခံများအတွက် စာနာကြောင်းနှင့် ဝမ်းနည်းကြောင်းကို တရုတ်နိုင်ငံ တီယန်ကျင်းမြို့၌ ကျင်းပသည့် ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ အစည်းအဝေးတွင် တရုတ်သမ္မတ ရှီကျင့်ဖျင်က ပြောကြားခဲ့သည်။ အာဖဂန်နစ္စတန်နိုင်ငံ ငလျင်ဒဏ်သင့်ပြည်သူများအတွက် ယွမ် သန်း ၅၀ တန်ကြေးရှိ တဲများ၊ စောင်များနှင့်အစားအစာများကို တရုတ်နိုင်ငံက လှူဒါန်းမည်ဖြစ်ကြောင်း လင်ဂျန်းက ပြောကြားသည်။

တရုတ်ကြက်ခြေနီအသင်းကလည်း ငလျင်ဒဏ်သင့် အာဖဂန်ဒေသခံများအတွက် ငွေများလှူဒါန်းခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံတို့သည် ချစ်ကြည်ရင်းနှီးမှုရှိသည့် မိတ်ဆွေနိုင်ငံများဖြစ်ပြီး အာဖဂန်ပြည်သူများအနေဖြင့် ငလျင်လှုပ်ခတ်မှုကို ရင်ဆိုင်ကာ အမြန်ဆုံး ပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**

# အီရန်နျူကလီးယားအရေးနှင့် ဂါဇာဒေသ လက်နက်ကိုင်ပဋိပက္ခပြီးဆုံးရေး အီဂျစ်နှင့်အီရန်တာဝန်ရှိသူများ ဆွေးနွေး

**ကိုင်ရို စက်တင်ဘာ ၉**

အီရန်နျူကလီးယားအရေးနှင့် ဂါဇာဒေသလက်နက်ကိုင် ပဋိပက္ခပြီးဆုံးရေးအတွက် အီဂျစ်နိုင်ငံခြားရေးဝန်ကြီး ဗာအဗ္ဗဒဲလက်တီနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး ဆာယိအဗတ်အေရာချီတို့အကြား စက်တင်ဘာ ၉ ရက်တွင် ဆွေးနွေးခဲ့ကြောင်း သိရသည်။

နျူကလီးယားအရေးနှင့်ပတ်သက်၍ အီရန်နှင့် နိုင်ငံတကာ အဏုမြူစွမ်းအင် အေဂျင်စီအကြား သဘောတူညီချက်ရရှိရန် အရေးကြီးကြောင်းနှင့် တင်းမာမှုလျော့ပါးစေရေးအတွက် ဒေသတွင်း လုံခြုံရေးနှင့်တည်ငြိမ်ရေးတို့အတွက် အထောက်အကူဖြစ်စေမည့် ပတ်ဝန်းကျင်ကို ဖန်တီးပေးမည်ဖြစ်ကြောင်း အဗ္ဗဒဲလက်တီက ပြောကြားခဲ့သည်။

ဂါဇာကမ်းမြောင်ဒေသတွင် အစ္စရေးတပ်မတော်၏ ထိုးစစ်ဆင်မှုကို အဆုံးသတ်ရန်နှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ဒေသတွင်းလွယ်ကူစွာရောက်ရှိရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း ၎င်းတို့က အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

ထို့ပြင် နှစ်နိုင်ငံအကြား စီးပွားရေး၊ ကုန်သွယ်မှုနှင့် ခရီးသွားလာရေးပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်ရေးအပါအဝင် ဆက်ဆံရေးမြှင့်တင်ရန် နည်းလမ်းများကို ဆွေးနွေးခဲ့သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် မြေပြိုမှုဖြစ်ပွား



**နယူးဒေလီ စက်တင်ဘာ ၉**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် စက်တင်ဘာ ၉ ရက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

၎င်းမြေပြိုမှုသည် ပြည်နယ်မြို့တော် ဆင်းမလား၏ အရှေ့မြောက်ဘက် ကီလိုမီတာ ၂၁၀ အကွာရှိ ကူလူခရိုင် ရှာမန်နီရွာတွင် ဖြစ်ပွားခြင်းဖြစ်သည်။

ရွာသားများအိပ်ချိန်တွင် မြေပြိုမှုဖြစ်ပွားခဲ့သောကြောင့် ဘေးလွတ်ရာသို့ တိမ်းရှောင်ခြင်း မပြုနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သေဆုံးသူများတွင် အမျိုးသမီးနှစ်ဦးနှင့် ကလေးနှစ်ဦးပါဝင်ကာ ဒဏ်ရာရသူသုံးဦးကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ ဟီမာချယ်ပရာဒေ့ရှ်ပြည်နယ်တွင် မုတ်သုံရာသီကာလအတွင်း မြေပြိုမှုနှင့် ရေကြီးရေလျှံမှုများကြောင့် နှစ်စဉ်အများအပြားသေဆုံးကာ ပျက်စီးမှုများရှိခဲ့သည်။ ဇွန် ၂၀ ရက်မှ စက်တင်ဘာ ၉ ရက်အတွင်း မုတ်သုံမိုးရွာသွန်းခြင်းကြောင့် ၃၇၈ ဦး သေဆုံးကာ ၄၀ ပျောက်ဆုံးပြီး ၄၃၇ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပြည်နယ် အရေးပေါ်လုပ်ငန်းစင်တာက ပြောကြားသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – စိုးသူရ**

# ဂျပန်နိုင်ငံရှိ ရေတိမ်ဒေသတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစီမံကိန်းဆောင်ရွက်ရေး လုပ်ငန်းမူဘောင်ရေးဆွဲမည်

**တိုကျို စက်တင်ဘာ ၉**

ဂျပန်နိုင်ငံမြောက်ပိုင်း ဟော့ကိုင်းဒိုးစီရင်စုအနီးရှိ ရေတိမ်ဒေသတွင် ဆိုလာလျှပ်စစ်ဓာတ်အားပေးစီမံကိန်းများ ဆောင်ရွက်မည့် အစီအစဉ်နှင့်ပတ်သက်၍ သဘာဝပတ်ဝန်းကျင်ထိခိုက်မှု ရှိ၊ မရှိ ဆန်းစစ်ခြင်းလုပ်ငန်းများကို ဂျပန်နိုင်ငံ သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက ဆောင်ရွက်နေကြောင်း သိရသည်။

၎င်းဝန်ကြီးဌာနအနေဖြင့် ဆိုလာလျှပ်စစ်ထုတ်လုပ်ရေး စီမံကိန်းများကို အထက်ပါဒေသတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိဘဲ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းမူဘောင်တစ်ရပ်ကို သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းရေးဆွဲနိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

၎င်းစီမံကိန်းများ ဆောင်ရွက်ပါက ရေတိမ်ဒေသဖြစ်သည့် ဟော့ကိုင်းဒိုးစီရင်စု ကူရှီရိုမတ်အမျိုးသားဥယျာဉ်မှ အမောက်နီကြိုးကြာများအပါအဝင် တောရိုင်းတိရစ္ဆာန်များအပေါ် ထိခိုက်မှုများရှိလာနိုင်သည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါစီမံကိန်းများကြောင့် ဖြစ်လာနိုင်သည့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများကို ဆန်းစစ်ရေးအတွက် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာန တာဝန်ရှိသူများအား ၎င်းဒေသသို့ စေလွှတ်ခဲ့သည်။

ဆိုလာလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ ဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ ဒေသခံများ၏အမြင်ကို အလေးအနက်ထား၍ ဆောင်ရွက်မည်ဖြစ်ကာ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ဂရုပြုဆောင်ရွက်မည်ဟု တာဝန်ရှိသူများက ပြောကြားသည်။

**ကိုးကား–အင်န်အိတ်ချ်ကေ**
**ဘာသာပြန်–စိုးသူရ**

# ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က)အရ ပြစ်ဒဏ်ချမှတ်

**နေပြည်တော် စက်တင်ဘာ ၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ လုပ်ဆောင်ခဲ့သူတစ်ဦးကို ပြစ်မှုထင်ရှားသဖြင့် တောင်ကြီးမြို့နယ် တရားရုံးက အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်တိတိ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။



နေသွေး

ဖြစ်စဉ်မှာ ဩဂုတ် ၂၅ ရက်တွင် တောင်ကြီးမြို့နယ် အေးသာယာမြို့ ရပ်ကွက်(၁)နေ နေသွေး (၃၆)နှစ် (ဘ) ဦးအောင်ခင်သည် ၎င်းအသုံးပြုသည့် "Lashio Baegyi" Facebook Account လူမှုကွန်ရက်စာမျက်နှာပေါ်တွင် "မဲပေးဖို့ချည်း ဇွတ်ပြောပြီး မင်းတို့က ဘာကောင်တွေလဲ၊ သေချာကြည့် ပြည်သူဆီက မဲလိုချင်ရင် ပြည်သူကို ဘယ်လိုအကျိုးပြုရမလဲစဉ်းစား၊ အလကားနေ ဘာမှမရှိဘဲ ပြည်သူဆီကပဲ လိုချင်ရင်တော့" စသည့် စာသားများကို ဖြန့်ဝေကာ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပျက်ပြားစေရန် ရည်ရွယ်၍ ပြုလုပ်နေကြောင်း စစ်ဆေး တွေ့ရှိရသဖြင့် တောင်ကြီးမြို့နယ် အေးသာယာနယ်မြေရဲစခန်း (ပ)၉၉/ ၂၀၂၅၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) ဖြင့် အမှုရေးဖွင့် စစ်ဆေး၍ တောင်ကြီးမြို့နယ် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ရာဇဝတ်ကြီးမှုအမှတ် ၂၇၁၄/၂၀၂၅ ဖြင့် လက်ခံစစ်ဆေးခဲ့ပြီး စက်တင်ဘာ ၉ ရက်တွင် ပြစ်မှုထင်ရှားသဖြင့် တရားခံနေသွေးကို ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေး ဥပဒေပုဒ်မ ၂၃(က) အရ အလုပ်နှင့် ထောင်ဒဏ် ၇ နှစ်တိတိကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များနှင့် လိုင်စင်မဲ့ဆိုင်ကယ်များ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

စက်တင်ဘာ ၆ ရက်တွင် စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက်၌ လူသုံးကုန်ပစ္စည်း ၁၁ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၃၀၀၀၀၀)ကိုလည်းကောင်း၊ စက်တင်ဘာ ၇ ရက်တွင် ရွှေဘိုမြို့နယ်နှင့် စစ်ကိုင်းမြို့နယ်တို့အတွင်း၌ လိုင်စင်မဲ့ယာဉ်တစ်စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၅၃၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ပဲခူးခရိုင်နှင့် ပြည်ခရိုင်တို့အတွင်း၌ တရားမဝင် ကျွန်းသစ် ၉ ဒသမ ၄၀၁တန် (ခန့်မှန်း တန်ဖိုးငွေကျပ် ၆၀၈၈၃၈၀)ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၄ ရက်တွင် မကွေးမြို့နယ်၊ စလင်းမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တို့၌ လိုင်စင်မဲ့ဆိုင်ကယ် ၁၁စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၅၀၀၀၀)ကို ပို့ကုန်သွင်းကုန် ဥပဒေအရလည်းကောင်း၊ မင်းဘူးမြို့နယ် ရွာသာယာကျေးရွာအနီး၌ တရားမဝင်ရေနံစိမ်း ဂါလန် ၁၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၈၅၀၀၀) ကို ပြည်သူပိုင်ပစ္စည်းကာကွယ်ရေး အက်ဥပဒေအရလည်းကောင်း၊ အောင်လံမြို့နယ် စမ်းချောင်းရပ်ကွက်၌ တရားမဝင်လောင်းကစားပြုလုပ်ရာတွင် အသုံးပြုသည့် လက်ကိုင်ဖုန်းငါးလုံးနှင့် ငွေစက္ကူရောရာ ( ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၃၄၀၀၀)ကို လောင်းကစားဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၆၉၀၀၀ ကို သိမ်းဆည်းအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် ဟင်္သာတမြို့နယ်၊ ငပုတောမြို့နယ်၊ ညောင်တုန်းမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၁ ဒသမ ၈၃၄ တန်၊ သစ်မာ ၈ ဒသမ ၂၆၁ တန်၊ အခြားသစ် ၅ ဒသမ ၇၉၁တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၇၆၈၉၀၅၅ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ပဲခူးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

အလားတူ နေပြည်တော်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဩဂုတ် ၂၆ ရက်တွင် လယ်ဝေးမြို့နယ်၊ သရက်ကုန်းကျေးရွာ၌ လိုင်စင်မဲ့သုံးဘီးဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၇ရက်တွင် ကော့သောင်းမြို့ တော်ဝင်ဆိပ်ကမ်းတံတား၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၆၂၀၀၀၀)ကိုလည်းကောင်း၊ တာချီလိတ်မြို့နယ် စေခမ်းရပ်ကွက်ရှိ ခြံဝင်းတစ်ခုအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၂၄၀၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၄၄၄၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၆ ရက်၊ စက်တင်ဘာ ၄ ရက်၊ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ (၃၇)မှု (ခန့်မှန်းတန်ဖိုးငွေ ၄၄၂၈၈၆၄၃၅ ကျပ် )ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည် လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၀-၉-၂၀၂၅ ဗုဒ္ဓဟူးနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော် (မေတ္တသုတ်၊ ရတနသုတ်၊ တောရွှေ့သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ ပဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု စီမံကိန်းများမှသည် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆီသို့
- ၀၉:၁၀ စိုက်ပျိုးရေးရာအဖြာဖြာ
- ၁၁:၁၅ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၁၁:၃၅ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၄၂)
- ၁၃:၁၀ သီချင်းကြိုးပဒေသာ
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့ နိဂုံး' (အပိုင်း-၁၈)
- ၁၅:၃၀ Weekly Soccer Preview
- ၁၆:၄၀ မျိုးဝက်တင့်စေ ဆိုကရေးသီးအငွေ့
- ၁၇:၁၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ
- ၁၇:၄၀ NEXT LEVEL
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဂင်္ဂီ
- ၁၈:၄၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားဖွဲ့' (အပိုင်း-၄၈)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဂင်္ဂီ
- ၂၁:၁၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၂၅ နိပါတ်တော်လာဇာတ်သဘင်မဟာ 'မဟောသဓ သားတရားစီရင်ခန်း'
- ၂၂:၀၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'မုန်တိုင်းတစ်ခုရဲ့ နိဂုံး' (အပိုင်း-၃၃)

### mitv

- 07:01 Evergreen Classic: Parami Taw (Hnin Hnin Htoo)
- 07:08 Myanmar Traditional Brass Embossed Painting
- 07:29 Tech Digest
- 07:36 A Traditional Snack in Ngwe Saung (ThaYat Taw Htoe Mont)
- 07:46 Kay Tu Mar Lar "The Family"
- 08:26 Thilawa SEZ Thriving Model Special Economic Zone
- 08:53 Dances of Myanmar: Proud of Being a Myaung Zee
- 09:01 Ecotourism: Along River Chindwin To Khamti
- 09:18 Gold from Garbage

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၂၀ တိုင်းရင်းသားတေးသီချင်း၊ အက(ချင်း)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'အလင်းဝမ်းသူများ' (အပိုင်း-၁၈)
- ၀၈:၀၀ ကမ္ဘာတစ်လွှားအနုပညာသတင်းများ
- ၀၈:၂၀ ဇာတ်တော်ကြီး 'ရာဟာယကာဇာတ်တော်ကြီး' (ပထမပိုင်း)
- ၁၀:၁၀ ကာတွန်း 'ရိုကုံးစွန့်စားခန်း' (အပိုင်း-၆)
- ၁၀:၁၅ စတီရီယိုတေးများ
- ၁၀:၃၅ ဇာတ်တော်ကြီး 'ရာဟာယကာဇာတ်တော်ကြီး' (ဒုတိယပိုင်း)

### MRTV NRC

**ဝကောကရင် (၀၆:၀၀ မှ ၀၇:၀၀)**
အိမ်တွင်းဆပ်ပြာလုပ်နည်းအဆင့်ဆင့်

**အနောက်ပိုးကရင် (၀၇:၀၀ မှ ၀၈:၀၀)**
ကရင်စကားပုံများအကြောင်း(အပိုင်း-၂)

**အရှေ့ပိုးကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်တေးရေးတေးဆို အနုပညာရှင်-ကျော်ဆူးနှင့် တွေ့ဆုံမေးမြန်းခြင်း

**ချင်း(လိုင်ဇို) (၀၉:၀၀ မှ ၁၀:၀၀)**
ဝက်သားနှင့်ပိန်းရွက်ချက်ပြုတ်နည်း

**ချင်း(ဇိုး) (၁၀:၀၀ မှ ၁၁:၀၀)**
လည်ပတ်ချင်စရာချပ်ကျေးရွာ(အပိုင်း-၂)

**မွန် (၁၁:၀၀ မှ ၁၃:၀၀)**
ခေတ်အဆက်ဆက် ခန့်ညားရှုယဉ် မွန်တို့အသွင် ဝတ်စားဆင်ယင်မှု

**ရခိုင် (၁၃:၀၀ မှ ၁၅:၀၀)**
ကျောက်ရိုးတော်မာတ်စေတီ

**ရှမ်း (၁၅:၀၀ မှ ၁၇:၀၀)**
အင်းသားလေ့လှော်ကမ္ဘာကျော်

**ဝ (၁၇:၀၀ မှ ၁၉:၀၀)**
တောင်ယာထမင်းဟင်း

**ကချင် (၁၉:၀၀ မှ ၂၁:၀၀)**
၂၀၂၅ခုနှစ် ပူတာအိုခရိုင်အတွင်း လမ်းတံတားနဲ့ ပင့်တင်ဆည်တိုးချဲ့လုပ်ငန်းနှင့် ဒေသခံပြည်သူများရဲ့ အကျိုးစီးပွား

**ကယား (၂၁:၀၀ မှ ၂၃:၀၀)**
ကယားဘာသာစကားပြောကြရအောင်(အပိုင်း-၁၅)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၂၀:၄၅ Festivals Around The World

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လင်နဲ့ဝယား လျှော့နဲ့သွားဆိုပေမယ့်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ထိုင်းနိုင်ငံ'
- ၁၁:၀၀ ရှေ့သို့ချီမည် ပန်းတိုင်ဆီ (အပိုင်း-၈၇)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၅ ဝါသီးနှံသီးညှပ်စိုက်ပျိုးဝင်ငွေနှစ်ဆိုး
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၀:၃၅ A Complete Guide to Digging & Planting Your First Vegetable Garden-Tomatoes
- ၁၉:၀၀ License to Farm
- ၂၀:၀၀ ကိုးရောင်ခြယ်အနမ်း(ဇာတ်လမ်း)
- ၂၂:၀၀ Hocus.Pocus.2.2022 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက် လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly MNL Review
- ၁၂:၀၀ AYA Bank Womens' Futsal League 2025 (YRG Vs Thunder Tigress)
- ၁၇:၀၀ အားကစားသတင်း

Scan Here

MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ကယားပြည်နယ်အတွင်း အကြမ်းဖက်ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများအတွက် တတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲ ကျင်းပ




လွိုင်ကော် စက်တင်ဘာ ၉

ကယားပြည်နယ် အတွင်း အကြမ်းဖက် ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရသည့် ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ ပြည်သူများအတွက် အမျိုးသား သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ တတိယ အကြိမ် ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ပြည်သူများ တက်ရောက်ကြသည်။

**လက်ခံရယူ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ် ပညာရေးမှူးရုံးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးရှိ ဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုဝင်များ၊ နမ့်ဘော်ဝမ်(ခ)နှင့် လောခမ္မ ရပ်ကွက်နေ ပြည်သူများအတွက် ထောက်ပံ့ငွေများကို ပေးအပ်ရာ သက်ဆိုင်ရာ ကိုယ်စားလှယ်များက လက်ခံရယူကြသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ဌာနဆိုင်ရာဝန်ထမ်းများ၊ မိသားစုဝင်များနှင့် ရပ်ကွက်/ ကျေးရွာများမှ ပြည်သူများ၏ ကိုယ်စားလှယ်များသို့ ထောက်ပံ့ငွေများ ပေးအပ်သည်။

ယနေ့ အခမ်းအနားတွင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ တတိယအကြိမ်အဖြစ် ဌာနဆိုင်ရာ ၇၆ ခုမှ ဝန်ထမ်း ၂၄၇၄ဦး နှင့် မိသားစုဝင် ၃၅၉၂ ဦး၊ ပြည်သူ ၈၀၀၃ ဦး စုစုပေါင်း ၁၄၀၆၉ ဦးတို့အတွက် ဧပြီ၊ မေ၊ ဇွန် သုံးလ အတွက် ထောက်ပံ့ငွေကျပ် ၈၈၄ ဒသမ ၁၄၀ သန်း ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် "မြန်မာ့အနာဂတ်မျက်နှာစာ လူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅" အတွေ့အကြုံ စကားဝိုင်းဆွေးနွေးပွဲ အခမ်းအနားကို လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ပြည်နယ်လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ် လူငယ်ရေးရာကော်မတီ အဖွဲ့ဝင်များ၊ အခြေခံပညာနှင့် အဆင့်မြင့်ပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားကို လွိုင်ကော် ပညာရေးဒီဂရီကောလိပ် ကျောင်းသား ကျောင်းသူများက "လူငယ်စွမ်းရည်" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖွင့်လှစ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်ထံသို့ ပြည်နယ်လူမှုရေးရာဝန်ကြီးက လူငယ်ဖိုရမ်အထိမ်းအမှတ်တံဆိပ်အား အပ်နှံပြီး ပြည်နယ်ဝန်ကြီးချုပ်က ဖိုရမ်တက်ရောက်ခဲ့သော ပြည်နယ်ကိုယ်စားပြု လူငယ်အဖွဲ့နှင့် အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြသည့် အဆိုအကအဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့နှင့် ဖိုရမ်နှလုံးသား" လူငယ်လှုပ်ရှားမှုမှတ်တမ်း Video Clip ပြသမှုကို ကြည့်ရှုအားပေးကြပြီး နည်းပညာတက္ကသိုလ်(လွိုင်ကော်)မှ ကထိက ဒေါ်အိအိဇင်က မြန်မာ့အနာဂတ်မျက်နှာစာလူငယ်မဟာဗျူဟာဖိုရမ်-၂၀၂၅ သို့ တက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြ၍ လွိုင်ကော်ပညာရေးဒီဂရီကောလိပ်မှ ကျောင်းသားကျောင်းသူများက "နှလုံးသားအိမ်" သီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

**ဖတ်ကြား**

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းကို ကျင်းပရာ လူငယ်မောင်မယ်များက အနာဂတ်ပညာရေးနှင့် ကျွမ်းကျင်မှု၊ စီးပွားရေး အခွင့်အလမ်းများနှင့် လူငယ်စွန့်ဦးတီထွင်မှု၊ နိုင်ငံသားပူးပေါင်းပါဝင်မှုနှင့် လူငယ်ခေါင်းဆောင်မှု၊ ရေရှည်တည်တံ့မှုနှင့် ရာသီဥတုဆိုင်ရာ အရေးယူဆောင်ရွက်မှု၊ ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်မှုနှင့် ယဉ်ကျေးမှုတိုးမြှင့်ခြင်း ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြပြီး နည်းပညာတက္ကသိုလ်မှ ကျောင်းသူတစ်ဦးက "မြန်မာ့အနာဂတ် မျက်နှာစာ လူငယ်မဟာဗျူဟာ ဖိုရမ် –၂၀၂၅" ကြေညာစာတမ်းကို ဖတ်ကြားခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

ကမ္ဘာ့ရှေးဦးပြုစုခြင်းနေ့

World First Aid Day

၂၀၂၅ခုနှစ်၊ စက်တင်ဘာလ(၁၃)ရက်။

"ဥတုဖောက်ပြန် သဘာဝဘေးရန်
ရှေးဦးပြုစုခြင်းဖြင့် တို့တုံ့ပြန်"

First Aid and Climate Change

# ဖြူးမြို့နယ်၌ သားဆက်ခြားနည်းလမ်းများအကြောင်း အသိပညာပေးဟောပြော

ဖြူး စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ အမျိုးသမီးများ၏ ကျန်းမာရေးအတွက် သားအိမ်ခေါင်းကင်ဆာရောဂါနှင့် သားဆက်ခြားနည်းလမ်းများအကြောင်း သိကောင်းစရာများကို ယနေ့မွန်းလွဲပိုင်းက ရေလျှံကြီးကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ အသိပညာပေးဟောပြောပွဲပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးမှူး ဆေးရုံအုပ်ကြီး ဒေါက်တာ အောင်ကျော်မိုးနှင့် ကျန်းမာရေးဆရာ ဆရာမများက သားအိမ်ခေါင်းကင်ဆာရောဂါနှင့်သားဆက်ခြားနည်းလမ်း၊ သားဆက်ခြားဆေးကို စနစ်တကျသောက်သုံးနည်း၊ သားဆက်ခြားထိုးဆေး၊ သားအိမ်တွင်းထည့် သားဆက်ခြားပစ္စည်း၊ လက်မောင်းအရေပြားဖောက်ထည့် သားဆက်ခြားပစ္စည်း၊ အရေးပေါ်သားဆက်ခြားနည်းလမ်း၊ အမျိုးသား အမျိုးသမီးသုံး ကွန်ဒုံးသုံးစွဲနည်းနှင့် မိခင်နှင့်ကလေးသေနှုန်းကျဆင်းရေးအတွက် ကိုယ်ဝန်ဆောင်စဉ်တွေ့ကြုံရသည့်အန္တရာယ်လက္ခဏာများအကြောင်း စသည့်မိသားစုစီမံကိန်းနှင့် ကျန်းမာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

နေမျိုးလွင် (ပြန်/ဆက်)



# ကလောမြို့နယ်၌ မန္တလေးငလျင်ကြီးကြောင့် ပျက်စီးနေအိမ်များအား ထောက်ပံ့ငွေပေးအပ်



ကလော စက်တင်ဘာ ၉

မန္တလေးငလျင်ကြီးကြောင့်ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့နယ်တွင် လုံးဝပြိုကျပျက်စီးခဲ့သည့်နေအိမ်များနှင့် တစ်စိတ်တစ်ပိုင်းပြိုကျပျက်စီးနေအိမ်များအား အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ ကျင်းပသည်။

ဦးစွာ ကလောမြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးစိုးသိန်းက အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးငလျင်ကြီးကြောင့် ကလောမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ လုံးဝပြိုကျပျက်စီးခဲ့သည့် ဝါးထရံကာနေအိမ်တစ်လုံးအတွက် ငွေကျပ် သိန်း ၂၀၊ တစ်စိတ်တစ်ပိုင်းပျက်စီးနေအိမ်တစ်လုံးလျှင် ငွေကျပ် ၆ ဒသမ ၆၆၆ သိန်းနှုန်းဖြင့် နေအိမ် ခုနစ်လုံးအတွက် ထောက်ပံ့ငွေကျပ် ၄၆ ဒသမ ၆၆၂ သိန်း၊ တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးလျှင် ငွေကျပ် ၃၃ ဒသမ ၃၃၇ သိန်းနှင့် နှစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးလျှင် ငွေကျပ်သိန်း ၆၀ နှုန်းဖြင့်နေအိမ် နှစ်လုံးအတွက် သိန်း ၁၂၀ စုစုပေါင်းငွေကျပ် ၂၁၉ ဒသမ ၉၉၉ သိန်းကို ကလောမြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းနှင့်အဖွဲ့ဝင်များက ပေးအပ်ခဲ့ကြောင်း သိရသည်။

ကျော်ဝင်း(ကလော)

# ကျောက်တံခါးမြို့နယ်၌ ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ကွင်းဆင်းလေ့လာ

ကျောက်တံခါး စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အောင်မြင်စိုက်ပျိုးရေးစခန်းနယ်မြေအတွင်းရှိ သရက်စိန်ကျေးရွာအား စွမ်းအားမြှင့်မီးဖိုဖြန့်ဖြူးခြင်း စီမံကိန်း၏ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ဆောင်ရွက်သော ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်ရန် ရွေးချယ်ထားရာ စီမံကိန်းလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် စီမံကိန်းအဖွဲ့ဝင်များသည် ယမန်နေ့က သရက်စိန်ကျေးရွာနှင့် ပဲခူးမြို့အကြားရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများအား သွားရောက်လေ့လာခဲ့သည်။

အဆိုပါ ကျေးရွာသစ်လုပ်ငန်း စီမံကိန်းတွင် အဓိကလုပ်ငန်းကြီး(၃)ရပ်ဖြစ်သည့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း၊ လူနေမှုပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းနှင့် ဝင်ငွေတိုးပွားရေးလုပ်ငန်းများကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ပြွန်တန်ဆာစိုက်ပျိုးရေးစခန်း နယ်မြေအတွင်းရှိ ဆင်းသုခ မျိုးသန့်စိုက်ပျိုးကွက်များ၊ စက်ကြီး Seeder ဖြင့် စိုက်ပျိုးထားရှိမှု၊ ရေမြုပ်ခံစပါးမျိုးနှင့် အောင်နိုင်တိုးစပါးမျိုးများ စိုက်ပျိုးထားရှိမှုတို့ကို လေ့လာခဲ့ကြသည်။

ဆက်လက်၍ ဘိုင်းဒါးကျေးရွာအတွင်း လုပ်ငန်းရှင် ကိုသူ၏ ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် ဦးဝင်းငွေ၏ ဘဲမွေးမြူရေးလုပ်ငန်းများကို လေ့လာခဲ့ကြကြောင်း သိရသည်။



မြို့နယ် (ပြန်/ဆက်)

# တောင်သူများအတွက် လက်ဆွဲမျိုးစေ့ချကိရိယာများ အခမဲ့ပေးအပ်

**ဘားအံ စက်တင်ဘာ ၉**

ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်နှင့် တွဲဖက်သုံး ၁၀ တန်းသွား မျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ (Drum Seeder)အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ ရဲသာ(ကမော့ကစင်)ကျေးရွာအုပ်စု ကမော့ကစင် အရှေ့ကွင်းရှိ တောင်သူဒေါ်မူးဖေါင်ဆိန့်၏ လယ်မြေ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက အမှာစကားပြောကြားပြီး စက်မှုလယ်ယာဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မျိုးစေ့ချကိရိယာများ အသုံးပြုပုံနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများက ရဲသာ(ကမော့ကစင်)၊ တော်ပုံ၊ လှိုင်ကမ္ဘာ၊ တရုတ်လှ၊ လှာကဒေါင်ကျေးရွာတို့မှ တောင်သူများအတွက် လက်ဆွဲမျိုးစေ့ချကိရိယာများ အခမဲ့ပေးအပ်ကြသည်။



ထို့နောက် ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးဌာန(ခွဲ)မှ တာဝန်ရှိသူများက မြေဆီသြဇာတိုးတက်ကောင်းမွန်စေသော အီးအမ်ဘိုကာရှီ မြေဆွေးပြုလုပ်သုံးစွဲနည်းနှင့် ငါးအမိုင်နိုအက်စစ် ပြုလုပ်သုံးစွဲနည်းများကို လက်တွေ့ပြုလုပ်ပြသပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှန်တကယ် ပြန်လည်ပြုလုပ်သုံးစွဲကြမည့် တောင်သူများအတွက် အီးအမ်(အပြင်း)ရည်များနှင့် ပေါင်းသတ်ဆေးများကို အခမဲ့ဖြန့်ဝေပေးသည်။

ယင်းနောက် ကောက်စိုက်စက်ဖြင့် မိုးစပါးစိုက်ပျိုးခြင်း၊ ကောက်စိုက်စက်နှင့် တွဲဖက်သုံး ၁၀ တန်းသွားမျိုးစေ့ချကိရိယာနှင့် လက်ဆွဲမျိုးစေ့ချကိရိယာ(Drum Seeder)အသုံးပြု၍ မိုးစပါးစိုက်ပျိုးခြင်းတို့ကို ကွင်းသရုပ်ပြသကြသည်။

သရုပ်ပြပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်သည် တာဝန်ရှိသူများနှင့်အတူ ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဇွဲကပင်အားကစားကွင်း၌ ကျင်းပသည့် ၂၀၂၅ ခုနှစ် ပြည်နယ်ဝန်ကြီးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံပေါင်းစုံ အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲသို့ တက်ရောက်ပြီး ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံတက္ကသိုလ်အမျိုးသားဘောလုံးအသင်းနှင့် ဘားအံပညာရေးဒီဂရီကောလိပ် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နေရာအလိုက် အကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုရရှိကြသူများ၊ ပူးတွဲတတိယဆုနှင့် ဒုတိယဆုရရှိသည့်အသင်းများကို တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများကိုလည်းကောင်း၊ အနိုင်ရဗိုလ်စွဲသွားသည့် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ အလုပ်သမားရေးရာလုပ်ငန်းညှိနှိုင်းရေးကော်မတီ စွမ်းရည်မြှင့်သင်တန်းဖွင့်

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) စွမ်းရည်မြှင့်သင်တန်းကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေး သင်တန်းကျောင်း၌ ကျင်းပသည်။



**ဆွေးနွေး**

ဖွင့်ပွဲအခမ်းအနားတွင် အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးနိုင်က အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ စည်းကြပ်သော ဥပဒေများနှင့် နည်းဥပဒေများ၊ အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်(EC) စာချုပ်ချုပ်ဆိုခြင်း၊ လျော်ကြေးနှုန်းထားများအကြောင်းကိုရှင်းလင်းပြီး အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညီညီက စည်းကြပ်အလုပ်သမားဥပဒေ ပြဋ္ဌာန်းချက်များ၊ အလုပ်ပိတ်ချိန်၊ အချိန်ပိုလုပ်ကိုင်ခြင်းနှင့် အချိန်ပိုငွေကြေးတွက်ချက်မှုများ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးကိစ္စရပ်များအကြောင်းကို ဆွေးနွေးပို့ချသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးဥပဒေပါ အာမခံစနစ်များ၊ ထည့်ဝင်ကြေးနှုန်းထား၊ ငွေကြေးအကျိုးခံစားခွင့်များ၊ လူမှုဖူလုံရေးအကြောင်းတို့ကို ရှင်းလင်းသည်။

ထို့နောက် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဇင်ကေသွယ်က ၂၀၁၂ ခုနှစ် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ၊ နည်းဥပဒေများ၊ WCC အဖွဲ့ဝင်များ လိုက်နာဆောင်ရွက်သင့်သည့် ဥပဒေပါအချက်များ၊ အငြင်းပွားမှု ဖြေရှင်းရေး နည်းလမ်းများကို ရှင်းလင်းသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ဘားအံမြို့၌ Training of Trainers သင်တန်းဖွင့်လှစ်

**ဘားအံ စက်တင်ဘာ ၉**

ကရင်ပြည်နယ် ဘားအံမြို့တွင် သန့်ရှင်း၍ စိမ်းလန်းစိုပြည်သော ကျောင်းများပေါ်ထွန်းလာစေရေး Training of Trainers သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်နွေးနန္ဒာဖြိုးနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနွဲ့တို့က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များနှင့် သင်တန်းဆိုင်ရာကိစ္စရပ်များကို ပြောကြားသည်။

အဆိုပါသင်တန်းတွင်ဘားအံမြို့နယ်၊ လှိုင်းဘွဲမြို့နယ်နှင့် ကော့ကရိတ်မြို့နယ်တို့မှ ဆရာ ဆရာမ ၃၀ တက်ရောက်ပြီး စက်တင်ဘာ ၉ ရက်မှ ၁၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၉-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၄၅ | ၃၀၅၅ | ၃၀၂၅ | ၂၉၆၀ | ၃၀၆၅ | ၃၀၈၀ | ၃၀၉၅ | ၃၀၁၅ | ၄၅၀၅ | ၃၃၀၀ | ၃၀၃၀ | ၃၀၃၅ | ၃၁၀၅ | ၃၀၇၀ | ၃၀၉၀ | ၃၃၄၅ |
| 95 Ron | ၃၀၁၀ | ၃၁၂၀ | ၃၀၉၀ | ၃၀၂၅ | ၃၁၃၀ | ၃၁၄၅ | ၃၁၆၀ | ၃၀၈၀ | ၄၅၆၀ | ၃၃၇၅ | ၃၀၉၅ | ၃၁၀၀ | ၃၁၇၀ | ၃၁၃၅ | ၃၁၅၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၅၆၀ | ၂၆၇၅ | ၂၆၄၀ | ၂၅၇၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၁၀ | ၂၆၃၀ | - | ၂၉၂၅ | ၂၆၅၀ | ၂၆၅၀ | ၂၇၂၀ | ၂၆၈၅ | ၂၇၀၅ | ၂၉၆၅ |
| HSD (50 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | ၄၈၃၀ | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |
| HSD (10 ppm) | ၃၁၇၀ | ၃၂၈၀ | ၃၂၅၀ | ၃၁၈၅ | ၃၂၉၀ | ၃၃၀၅ | ၃၃၂၀ | ၃၂၄၀ | - | ၃၅၃၅ | ၃၂၅၅ | ၃၂၆၀ | ၃၃၃၀ | ၃၂၉၅ | ၃၃၁၅ | ၃၅၇၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၇၇၆ | ၂၈၆၅ |
| 95 Ron | ၂၈၃၉ | ၂၉၂၉ |
| HSD (500 ppm) | ၂၄၀၄ | ၂၄၈၂ |
| HSD (50 ppm) | ၂၉၉၄ | ၃၀၈၃ |
| HSD (10 ppm) | ၂၉၉၄ | ၃၀၈၃ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❒ **ကျောဖုံးမှ**

အစဉ်အလာဆိုးကို မြန်မာ ယူ-၂၃ အသင်း ရပ်တန့်နိုင်ခြင်းမရှိသေးဘဲ နိုင်ငံတကာခြေစမ်းပွဲ လေးပွဲ၊ နိုင်ငံတကာပြိုင်ပွဲနှစ်ခုမှ ငါးပွဲ စုစုပေါင်း ကိုးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့သည်။

မြန်မာ ယူ-၂၃ အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်လာပြီး အာကာကျော်၊ သန်းတိုးအောင်၊ ဟိန်းထက်စိုး(ဂိုး)၊ စွမ်းထက်၊ မိုးဆွေ၊ ရှိုင်းဝဏ္ဏအောင်တို့ဖြင့် ပွဲထွက်လာသည်။ ပွဲအစပိုင်းတွင် မြန်မာအသင်းက ဖိကစားနိုင်သော်လည်း ၁၀ မိနစ်နောက်ပိုင်းမှ စတင်ကာ အပြန်အလှန်ကစားနိုင်ခဲ့သည်။ ၁၈ မိနစ်တွင် အာဖဂန်နစ္စတန်အသင်း ဦးဆောင်ဂိုးရခဲ့ပြီး ထောင့်ကန်ဘောမှတစ်ဆင့် မိုဟာမန်ဒီက ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရပြီးနောက်ပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် တိုက်စစ်မြှင့်လာပြီး မိနစ် ၄၀ တွင် စွမ်းထက်က ခေါင်းတိုက်ပြီး ဂိုးပြန်သွင်းသဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင် နှစ်သင်းစလုံး အပြန်အလှန်တိုက်စစ်ဆင်ကစားနိုင်ခဲ့ပြီး အာဖဂန်နစ္စတန်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၇၀ တွင် ယာဆာဆာဖီက သွင်းယူခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အာဖဂန်နစ္စတန်အသင်းက သုံးပွဲကစား သုံးမှတ်၊ မြန်မာအသင်းက သုံးပွဲကစား တစ်မှတ်ရရှိပြီး မြန်မာအသင်းသည် နောက်ဆုံးခြောက်ကြိမ်ဆက်တိုက် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်း မရှိကြောင်း သိရသည်။ **သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MFF**

# လူမှုဘဝပျော်ရွှင်ဖို့ စပျစ်သီးနှံစိုက်ပျိုးစို့

သိန်းလွင်

စိုက်ပျိုးရေးဟာ လူသားတို့အတွက် အဓိကလိုအပ်ချက်ဖြစ်တဲ့အပြင် စိတ်ပျော်ရွှင်မှုကိုလည်း ဖြစ်စေပါတယ်။ ပန်းအိုးလေးတစ်လုံးထဲမှာ စိုက်ထားတဲ့ အပင်ပေါက်လေးတစ်ပင်ကို နေ့စဉ်ရေလောင်းပြီး ရှင်သန်ကြီးထွားလာတာကို ကြည့်ရတဲ့အခါ ရရှိတဲ့ပျော်ရွှင်မှုက ဘာနဲ့မှမလဲနိုင်အောင် တန်ဖိုးရှိပါတယ်။ ဒါဟာစိုက်ပျိုးခြင်းကနေ ရရှိနိုင်တဲ့ ရိုးရှင်းတဲ့ ပျော်ရွှင်မှုတွေထဲက တစ်ခုပါ။ လူတိုင်းနီးပါးဟာ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်နိုင်ပြီး အဲဒီလုပ်ငန်းကနေလည်း စိတ်ပိုင်းဆိုင်ရာ ပျော်ရွှင်မှုတွေအပြင် အကျိုးကျေးဇူးများစွာကို ရရှိနိုင်ပါတယ်။ လူအများစုက စိုက်ပျိုးရေးကို ကျေးလက်ဒေသတွေမှာ နေထိုင်သူတွေ ဒါမှမဟုတ် လယ်သမားတွေအတွက်သာ သီးသန့်လုပ်ငန်းလို့ ထင်တတ်ကြပါတယ်။ တကယ်တော့ စိုက်ပျိုးရေးဟာ လူတိုင်းနီးပါးလုပ်ကိုင်နိုင်ပြီး ရရှိလာတဲ့အကျိုးကျေးဇူးတွေကလည်း များပြားလှပါတယ်။ စိုက်ပျိုးရေးက ကိုယ့်ကိုယ်ကိုယ် အမှီအခိုကင်းစွာ ရပ်တည်နိုင်ဖို့အတွက်သာမက စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအတွက်လည်း အထူးကောင်းမွန်တဲ့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။





ဒါ့အပြင် စိုက်ပျိုးခြင်းဟာလည်း ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်အောင်ထိန်းထားနိုင်တဲ့ နည်းလမ်းကောင်းတစ်ခု ဖြစ်ပါတယ်။ မျိုးစေ့လေးတွေချပြီး မြေကြီးထဲ စိုက်လိုက်ရတဲ့အခါမျိုးမှာ ကိုယ်တိုင်ဘဝကို ပုံဖော်ဖန်တီးလိုက်ရသလို ခံစားရတဲ့အပြင် အပင်တွေ ကြီးထွားလာတာကို နေ့စဉ်စောင့်ကြည့်ရတဲ့အခါ ကိုယ်တိုင်ဘဝကို ဖန်တီးနေရသလိုခံစားရပြီး ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုတွေအတွက် ပီတိဖြစ်ရပါတယ်။

### စိုက်ပျိုးခြင်းကို ရောဂါကုထုံး တစ်ခုအနေနဲ့တောင် အသုံးပြုနိုင်

ပန်းပင်ဖြစ်ဖြစ်၊ ဟင်းသီးဟင်းရွက်ပင်ဖြစ်ဖြစ် ကိုယ်တိုင်စိုက်ပျိုးလိုက်တဲ့ အသီးအပွင့်တွေကို မြင်ရတဲ့အခါ ဘာနဲ့မှမတူတဲ့ ဂုဏ်ယူပီတိနဲ့ ကျေနပ်မှုကို ခံစားရစေပါတယ်။ ဒီပျော်ရွှင်မှုဟာ ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုနဲ့ တီထွင်ဖန်တီးနိုင်စွမ်းကို ပေါ်လွင်စေတဲ့ ရလဒ်ကောင်းတစ်ခုဖြစ်ပါတယ်။ မြေကြီးကိုကိုင်တွယ်ရတဲ့အခါ၊ အပင်ပေါက်လေးတွေကို ပြုစုပျိုးထောင်ရတဲ့အခါတွေမှာ စိတ်ဖိစီးမှုတွေ၊ ပူပင်သောကတွေ လျော့ပါးသက်သာသွားစေပါတယ်။ ပြီးတော့ စိမ်းစိုနေတဲ့ သဘာဝပတ်ဝန်းကျင်နဲ့ အတူရှိနေရတဲ့အတွက် စိတ်ကိုကြည်လင်လန်းဆန်းစေပါတယ်။ ဒါကြောင့် စိုက်ပျိုးခြင်းကို ရောဂါကုထုံးတစ်ခုအနေနဲ့တောင် အသုံးပြုနိုင်တယ်လို့ ဆိုကြပါတယ်။ စိတ်ပညာရှင်တွေရဲ့ လေ့လာချက်တွေအရ မြေကြီးမှာပါဝင်တဲ့ **"Mycobacterium vaccae"** ဆိုတဲ့ ဗက်တီးရီးယားပိုးဟာ ဦးနှောက်ကို serotonin ထုတ်ပေးဖို့ လှုံ့ဆော်ပေးနိုင်တာကြောင့် စိတ်ခံစားမှုကို ပိုမိုကောင်းမွန်စေပြီး ပျော်ရွှင်မှုကို ခံစားရစေတယ်လို့ ဆိုပါတယ်။

ဒီလို အကျိုးတရားတွေ ခံစားရရှိစေတဲ့ စိုက်ပျိုးခြင်းလုပ်ငန်းတွေထဲကမှ အထူးသဖြင့် စပျစ်သီးလိုသီးနှံတွေကို စိုက်ပျိုးခြင်းဖြင့် စီးပွားရေးအကျိုးအမြတ်ရရှိရုံသာမက စိတ်ကျေနပ်ပျော်ရွှင်မှုနဲ့ သဘာဝအလှတရားတွေကိုပါ ခံစားရရှိစေနိုင်ပါတယ်။ စပျစ်စိုက်ပျိုးခြင်းဟာ ရေရှည်အတွက်အကျိုးအမြတ်များစွာ ရရှိစေနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးတဲ့နည်းစနစ်အပေါ်မူတည်ပြီး ကုန်ကျစရိတ်နဲ့ ဝင်ငွေအခြေအနေတွေ ကွာခြားနိုင်တာကို တွေ့ရပါတယ်။

> **❝ စပျစ်စိုက်ပျိုးခြင်းဟာ ရေရှည်အတွက် အကျိုးအမြတ်များစွာ ရရှိစေနိုင်တဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုဖြစ်ပါတယ်။ စိုက်ပျိုးတဲ့နည်းစနစ်အပေါ်မူတည်ပြီး ကုန်ကျစရိတ်နဲ့ ဝင်ငွေအခြေအနေတွေ ကွာခြားနိုင်တာကို တွေ့ရပါတယ်။ စပျစ်စိုက်ပျိုးရာမှာ အဓိကအားဖြင့် ကိုင်းဖြတ်မျိုးပွားခြင်း (Cutting) နဲ့ ကိုင်းဆက်ခြင်း (Grafting)ဆိုပြီး နည်းလမ်းနှစ်မျိုးရှိပါတယ်။ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်ဟာ စတင်ရင်းနှီးမြှုပ်နှံမှုပမာဏနည်းပြီး အမြတ်အစွန်းကို ပိုမိုမြန်မြန်ရရှိစေနိုင်ပါတယ် ❞**

စပျစ်စိုက်ပျိုးရာမှာ အဓိကအားဖြင့် ကိုင်းဖြတ်မျိုးပွားခြင်း (Cutting)နဲ့ ကိုင်းဆက်ခြင်း (Grafting) ဆိုပြီး နည်းလမ်းနှစ်မျိုးရှိပါတယ်။ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်ဟာ စတင်ရင်းနှီးမြှုပ်နှံမှု ပမာဏနည်းပြီး အမြတ်အစွန်းကို ပိုမိုမြန်မြန်ရရှိစေနိုင်ပါတယ်။ စတင်စိုက်ပျိုးတဲ့နှစ်မှာ တစ်ဧကအတွက် ကုန်ကျစရိတ်ဟာ ကျပ်သိန်း ၁၀၀ ခန့်ရှိပြီး ဒုတိယနှစ်မှာတော့ အသီးစတင်ထွက်ရှိလို့ ဝင်ငွေကျပ် ၃၆ သိန်းခန့် ရရှိနိုင်ပါတယ်။ တတိယနှစ်မှာ အထွက်နှုန်းပိုမိုတိုးတက်လာပြီး ဝင်ငွေကျပ် ၁၃၅ သိန်းခန့် ရရှိနိုင်ပါတယ်။ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်နဲ့ စိုက်ပျိုးမယ်ဆိုရင် တတိယနှစ်မှာ အရင်းကျေပြီး နှစ်စဉ်အမြတ်ငွေတွေ ရရှိစေနိုင်ပါတယ်။

ကိုင်းဆက်ခြင်းနည်းစနစ်ဟာ အစပိုင်းမှာ ရင်းနှီးငွေ ပိုမိုကုန်ကျပေမယ့် ရေရှည်မှာတော့ အထွက်နှုန်းပိုမိုကောင်းမွန်ပြီး အကျိုးအမြတ် ပိုရနိုင်ပါတယ်။ ဒီနည်းစနစ်နဲ့ စိုက်ပျိုးရင် တတိယနှစ်မှာ အသီးစတင်ရရှိပြီး ဝင်ငွေကျပ် သိန်း ၁၅၀ ခန့် ရရှိနိုင်ပါတယ်။ စတုတ္ထနှစ်မှာတော့ အပင်တွေ ပိုပြီးသန်မာလာတာကြောင့် အထွက်နှုန်း ပိုမိုတိုးလာနိုင်ပြီး ဝင်ငွေကျပ် ၁၆၅ သိန်းခန့် ရရှိနိုင်ပါတယ်။ ကိုင်းဆက်ခြင်းနည်းစနစ်နဲ့ စိုက်ပျိုးမယ်ဆိုရင် စတုတ္ထနှစ်မှသာ အရင်းကျေနိုင်ပေမယ့် အားသာချက်ကတော့ ကိုင်းဖြတ်မျိုးပွားခြင်းနည်းစနစ်ထက် အထွက်နှုန်း ပိုမိုကောင်းမွန်တာကြောင့် နှစ်ရှည်အမြတ်အစွန်း ပိုမိုရရှိနိုင်ပါတယ်။ ဒါကြောင့် စပျစ်စိုက်ပျိုးရေးလုပ်ငန်းဟာ အချိန်ယူပြီး စိုက်ပျိုးရတဲ့လုပ်ငန်းတစ်ခုဖြစ်ပေမယ့် စနစ်တကျစီမံခန့်ခွဲနိုင်ရင် ရေရှည်မှာရင်းနှီးမြှုပ်နှံမှုရဲ့ အကျိုးအမြတ်ကို အပြည့်အဝခံစားရမှာ ဖြစ်ပါတယ်။

### တွဲလဲကျနေတဲ့ စပျစ်သီးခိုင်တွေဟာ သဘာဝရဲ့အလှတရားကို ပိုပြီးထင်ရှားစေ

လူသားတွေဟာ သဘာဝတရားနဲ့ ခွဲခြားလို့ မရပါဘူး။ စပျစ်ခြံတွေထဲ နေရောင်ခြည်နွေးနွေးအောက် လမ်းလျှောက်နေတဲ့အခါ စိမ်းစိုနေတဲ့ စပျစ်ရွက်တွေရဲ့အောက်မှာ တွဲလဲကျနေတဲ့ စပျစ်သီးခိုင်တွေဟာ သဘာဝရဲ့အလှတရားကို ပိုပြီးထင်ရှားစေပါတယ်။ စပျစ်စိုက်ပျိုးခြင်းဟာ ကိုယ်ခန္ဓာကို ကျန်းမာစေရုံသာမက စိတ်ကိုလည်းအေးချမ်းပျော်ရွှင်စေပါတယ်။ စပျစ်ပင်တွေကို ပျိုးထောင်စိုက်ပျိုးတဲ့အခါ အပင်လေးတွေကြီးထွားလာတာကို တွေ့မြင်ရတဲ့ပျော်ရွှင်မှုကနေအစပြုပြီး တစ်နေ့ထက်တစ်နေ့ အပင်တွေ ပိုပြီးသန်စွမ်းလာတာ၊ အကိုင်းအခက်တွေ ဖြာထွက်လာတာ၊ ပန်းပွင့်လေးတွေ ပွင့်လာတာ၊ နောက်ဆုံးမှာ စပျစ်သီးခိုင်လေးတွေ တွဲလဲကျပြီး တဖြည်းဖြည်းချင်း ကြီးရင့်ကာ အရောင်ပြောင်းလာတာကို တွေ့ရတဲ့အခါ စိုက်ပျိုးသူရဲ့စိတ်ထဲမှာ ပီတိတွေဖြစ်နေရပါတယ်။ ဒါဟာ ဘဝကို ဖန်တီးပုံဖော်နေရသလို ခံစားရပြီး ကိုယ့်ရဲ့ ကြိုးစားအားထုတ်မှုတွေ အရာထင်လာတာကို မျက်ဝါးထင်ထင်မြင်ရတဲ့ ပျော်ရွှင်မှုပဲဖြစ်ပါတယ်။

သဘာဝရဲ့ လက်ဆောင်တွေထဲမှာ စပျစ်သီးဟာ လူသားတို့ရဲ့နေ့စဉ်ဘဝနဲ့ အနီးကပ်ဆုံးဆက်စပ်နေတဲ့ အသီးတစ်မျိုးဖြစ်ပါတယ်။ စပျစ်သီးကို သာမန်စားသုံးဖို့အတွက်သာမကပဲ လူမှုရေး၊ ယဉ်ကျေးမှု၊ စီးပွားရေး စတဲ့ကဏ္ဍမျိုးစုံမှာ အရေးပါတဲ့အခန်းကဏ္ဍကနေ ထည့်သွင်းအသုံးပြုနေတာကို တွေ့ရပါတယ်။ စပျစ်သီးရဲ့သမိုင်းကြောင်းဟာ လူ့ယဉ်ကျေးမှု သမိုင်းနဲ့ ယှဉ်တွဲနေပြီး ရှေးခေတ်ကာလကတည်းက လူသားတွေရဲ့ နေထိုင်မှုပုံစံကို ပုံဖော်ပေးခဲ့ပါတယ်။ စပျစ်သီးမှာပါဝင်တဲ့ ဗီတာမင်၊ သတ္တုဓာတ်နဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်းတွေက ခန္ဓာကိုယ်ကို ကျန်းမာသန်စွမ်းစေပါတယ်။ စပျစ်သီးကို လတ်လတ်ဆတ်ဆတ်စားသုံးခြင်း၊ ဖျော်ရည် ဒါမှမဟုတ် စပျစ်သီးခြောက်အဖြစ် နေ့စဉ်စားသောက်မှုပုံစံထဲမှာ ထည့်သွင်းစားသုံးကြပါတယ်။ စပျစ်သီးကို သာမန်စားသုံးခြင်းကနေ ဖျော်ရည်၊ ယို၊ အချိုပွဲစတဲ့ ပုံစံမျိုးစုံနဲ့ပြုလုပ်ပြီး လူ့ဘဝကို အရသာထူးကဲစေပါတယ်။

စပျစ်သီးဟာ လူသားတို့ရဲ့ လူမှုရေးပွဲလမ်းသဘင်တွေမှာလည်း အဓိကအခန်းကဏ္ဍကနေ ပါဝင်ပါတယ်။ စပျစ်သီးကနေ ထုတ်လုပ်တဲ့ဝိုင်ဟာ ကမ္ဘာတစ်ဝန်းက ယဉ်ကျေးမှုများစွာရဲ့ အစိတ်အပိုင်းတစ်ခု ဖြစ်လာပါတယ်။ ပျော်ပွဲရွှင်ပွဲတွေ၊ အခမ်းအနားတွေနဲ့ လူမှုရေးပွဲတွေမှာ ဝိုင်နဲ့ ဧည့်ခံကျွေးမွေးကြပြီး ဝိုင်သောက်သုံးခြင်းက ကျန်းမာရေးအတွက်သာမက လူမှုပေါင်းသင်းဆက်ဆံရေးကိုလည်း ပိုမိုခိုင်မြဲစေပါတယ်။ ဝိုင်ထုတ်လုပ်မှုဟာလည်း ဒေသအသီးသီးရဲ့ ယဉ်ကျေးမှုနဲ့ ကိုယ်ပိုင်ဟန်ကို ပုံဖော်နေပြီး နိုင်ငံအသီးသီးမှာ သီးခြားဝိုင်ထုတ်လုပ်တဲ့ လုပ်ငန်းတွေ ထွန်းကားလျက်ရှိပါတယ်။ စပျစ်သီးစိုက်ပျိုးရေးဟာ ဒေသခံလူမှုအဖွဲ့အစည်းတွေအတွက် စီးပွားရေးအခွင့်အလမ်းတွေ ဖန်တီးပေးပါတယ်။ စပျစ်ခြံတွေ၊ ဝိုင်ချက်စက်ရုံတွေဟာ ဒေသခံတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးရုံသာမက ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကိုပါ မြှင့်တင်ပေးပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဟာ နာမည်ကြီးဝိုင်ခြံတွေကို သွားရောက်လေ့လာပြီး စပျစ်စိုက်ပျိုးခြင်းနဲ့ ဝိုင်ထုတ်လုပ်ခြင်းအနုပညာကို လေ့လာကြပါတယ်။ ဒီလိုလုပ်ငန်းတွေကြောင့် စပျစ်စိုက်ပျိုးသူတွေရဲ့ စီးပွားရေးတိုးတက်စေပါတယ်။

### ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရာမှာလည်း အရေးပါ

စပျစ်သီးနှံဟာ စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီး အရေးပါတဲ့ သီးနှံတစ်ခုဖြစ်တဲ့အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့ကို အထောက်အကူဖြစ်စေပါတယ်။ စပျစ်ပင်တွေဟာ ကာဗွန်ဒိုင်အောက်ဆိုက်လျှော့ချရာမှာ အထောက်အကူပြုတဲ့အပြင် ရာသီဥတုပြောင်းလဲမှုကို ကာကွယ်ရာမှာလည်း အရေးပါတယ်လို့ဆိုကြပါတယ်။ ဒါကြောင့် စပျစ်စိုက်ပျိုးခြင်းက ဂေဟစနစ်ကိုထိန်းသိမ်းရာမှာသာမက ကျေးလက်ဒေသတွေရဲ့ ရေရှည်ဖွံ့ဖြိုးရေးလုပ်ငန်းတွေမှာလည်း အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်နေပါတယ်။

စပျစ်ပင်ရဲ့ အမြစ်ဖွဲ့စည်းပုံဟာ နက်ရှိုင်းတဲ့ အမြစ်စနစ် (Deep Root System) ရှိတဲ့အတွက် မြေဆီလွှာအတွင်းမှာရှိတဲ့ အာဟာရဓာတ်တွေကို ထိရောက်စွာ စုပ်ယူအသုံးပြုနိုင်ပြီး မြေကြီးကို လေဝင်လေထွက်ကောင်းစေကာ

**စာမျက်နှာ ၁၈ သို့** ❑

# အဆောက်အအုံ၊ လမ်း၊ တံတား တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးမျိုးမြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၉**

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဆောက်အအုံ၊လမ်း၊တံတား တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးပေါ်ရှိ သီးကုန်းတိုးလ်ဂိတ် လမ်းအသုံးပြုခကောက်ခံနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (မန္တလေးဘဏ်ခွဲ) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်အတွင်းလှည့်လည် ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲရေး၊ အသုံးပြုသည့်ပစ္စည်းများ အမျိုးအစားမှန်ကန်စေရေး၊ အရည်အသွေး စံချိန်စံညွှန်း ပြည့်မီစေရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး စနစ်တကျကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသည့်ပလိပ်–တံတားဦးလမ်း မိုင်တိုင်(၄/၅)ရှိ ပန်းလောင်တံတားတည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တာဝန်ခံအင်ဂျင်နီယာက ငလျင်ဒဏ်ကြောင့် ပျက်စီးခဲ့မှုအခြေအနေနှင့် တံတားအသစ်





တည်ဆောက်ရန် လျာထားတည်နေရာတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အဆိုပါလမ်းသည် ရန်ကုန် – မန္တလေး အမြန်လမ်းမကြီးနှင့် ရန်ကုန်–တောင်ငူ–မန္တလေး(လမ်းဟောင်း) တို့ကို အရှေ့–အနောက်ဆက်သွယ်ပေးထားသော လမ်းကွန်ရက်ချိတ်ဆက်ထားသည့် လမ်းတစ်လမ်းဖြစ်သဖြင့် ပြည်သူများ လွယ်ကူလျင်မြန်စွာ ခရီးသွားလာနိုင်ရန်နှင့် ဒေသများမှထွက်ရှိသည့် ကုန်စည်များ လွယ်ကူလျင်မြန်စွာ သယ်ယူပို့ဆောင်နိုင်ရန်အတွက် အရေးပါသော တံတားဖြစ်ကြောင်း ပြောကြားပြီး အသစ် တည်ဆောက်မည့် လျာထား လမ်းအူကြောင်းနေရာကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ရန်ကုန်–မန္တလေး လမ်း(တံတားဦး – အင်းဝလမ်းအပိုင်း)ရှိ မဟာဇေယျပထ (ခေါ်) မောင်အိုအုတ်လမ်းအား အရှည် ၂၆၇၆ ပေ အကျယ် ၂၂ ပေအထိ တိုးချဲ့ပြုပြင် ဆောင်ရွက်မည့်အခြေအနေကို လည်းကောင်း၊ ကျောက်ဆည်–တံတားဦး လမ်းပိုင်း မိုင်တိုင်(၁၇/၀ မှ ၁၉/၆)အထိ လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို လည်းကောင်း၊ ရန်ကုန် – မန္တလေး အမြန်လမ်းမကြီး (နေပြည်တော် – မန္တလေးလမ်းပိုင်း)ပေါ်ရှိ သီးကုန်းတိုးလ်ဂိတ်တွင် လမ်းအသုံးပြုခကောက်ခံရရှိမှုနှင့် CCTV အခန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်သည့် လုပ်ငန်းပိုင်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❑ စာမျက်နှာ ၁၇ မှ

မြေဆီသြဇာညှို့ဖျင်းမှုကို ကာကွယ်ပေးနိုင်တဲ့အတွက် စပျစ်ပင်စိုက်ပျိုးပေးခြင်းကနေ မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းတွေအတွက် အရေးပါစေနိုင်ပါတယ်။ ဒ့ါအပြင် စပျစ်ပင်ဟာ ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူနိုင်စွမ်းရှိပြီး တစ်ဧကဆိုရင် တစ်နှစ်ကာလအတွင်း ကာဗွန် ၂ ဒသမ ၅ တန်ကနေ သုံးတန်အထိ လျှော့ချပေးနိုင်ပါတယ်။ ဒ့ါအပြင် စပျစ်ပင်ဟာ ဖန်လုံအိမ်ဓာတ်ငွေ့ကိုစုပ်ယူပြီး အောက်ဆီဂျင်ထုတ်လွှတ်ပေးတဲ့အတွက် ရာသီဥတုပြောင်းလဲမှုကို လျှော့ချရာမှာ အထောက်အကူပြုစေနိုင်ပါတယ်။

စပျစ်ခြံတွေဟာ ကမ္ဘာ့နေရာအတော်များများမှာ ပျံ့နှံ့တည်ရှိပြီး အထူးသဖြင့် ခြောက်သွေ့တဲ့ ရာသီဥတုရှိတဲ့ဒေသတွေမှာ အများဆုံးစိုက်ပျိုးကြပါတယ်။ ဒါကြောင့်လည်း စပျစ်စိုက်ပျိုးရေးဟာ ရေလိုအပ်ချက်အများဆုံး စိုက်ပျိုးရေးလုပ်ငန်းတွေထဲက တစ်ခုဖြစ်လာပါတယ်။ ရေကို ထိရောက်စွာ အသုံးပြုနိုင်မှုဟာ စပျစ်သီးတွေရဲ့ အရည်အသွေးကိုသာမက စိုက်ပျိုးရေးလုပ်ငန်းရဲ့ ရေရှည်တည်တံ့ခိုင်မြဲမှုကိုပါ ဆုံးဖြတ်ပေးပါတယ်။ စပျစ်ပင်တွေရဲ့ ရှင်သန်ကြီးထွားမှုမှာ အဆင့်တိုင်းအတွက် ရေဟာ မရှိမဖြစ်လိုအပ်ပါတယ်။ စပျစ်ပင်တွေရဲ့ အစောပိုင်းကြီးထွားမှုကာလတွေဖြစ်တဲ့ အပင်စစိုက်ချိန်နဲ့ ပင်ပေါက်ကလေးတွေ ကြီးထွားလာချိန်မှာ ရေကိုပုံမှန်လောင်းပေးဖို့လိုအပ်ပြီး ဒီအဆင့်မှာ ရေဓာတ်ပြည့်ဝနေမှ အပင်တွေရဲ့အမြစ်စနစ်က အားကောင်းကာ ကောင်းစွာကြီးထွားနိုင်မှာ ဖြစ်ပါတယ်။

ရေလိုအပ်မှု အမြင့်ဆုံးဖြစ်တဲ့ စပျစ်ပန်းပွင့်တွေပွင့်ပြီး အသီးစတင်သီးချိန်မှာ ရေအလုံအလောက်မရဘူးဆိုရင် အသီးခိုင်တွေရဲ့ အရွယ်အစားကသေးငယ်နေပြီး အသီးရဲ့အရည်အသွေးကိုပါ ထိခိုက်စေပါတယ်။ ရေကို ထိန်းထိန်းသိမ်းသိမ်းနဲ့ သေချာစွာ ဂရုစိုက်ပေးရမယ့်အချိန်ကတော့ ရိတ်သိမ်းခါနီးအချိန်ကာလဖြစ်ပါတယ်။ အဲဒီအချိန် အသီးတွေ ရင့်မှည့်လာတဲ့အချိန်မှာတော့ ရေကို လျှော့ချပေးဖို့ လိုအပ်ပါတယ်။ ရေအလွန်အကျွံပေးမိမယ်ဆိုရင် အသီးထဲမှာ သကြားဓာတ်ပါဝင်မှု နည်းသွားပြီး ရေဓာတ်များတဲ့အတွက် အသီးအရသာက မပြည့်စုံတော့ပါဘူး။ ဝိုင်ထုတ်လုပ်ဖို့အတွက် စိုက်ပျိုးတဲ့ စပျစ်ခြံတွေမှာဆိုရင် ဒီအချက်ကအရေးအကြီးဆုံးဖြစ်ပြီး ဝိုင်ရဲ့အရည်အသွေးကိုပါ သက်ရောက်မှုရှိစေပါတယ်။

စပျစ်ပင်က ရေရဲ့ pH ပမာဏကို တုံ့ပြန်တတ်ပြီး သတ္တုဓာတ်တွေများတဲ့ရေက အပင်ရဲ့ အမြစ်စနစ်ကို ထိခိုက်စေနိုင်ပါတယ်။ စပျစ်ပင်တွေဟာ အက်စစ်ဓာတ်အနည်းငယ်ရှိတဲ့ ရေကို ပိုကြိုက်ကြပြီး အယ်လ်ကာလီဓာတ် ပါဝင်မှုများတဲ့ရေက အပင်ရဲ့ အာဟာရစုပ်ယူမှုကို အနှောင့်အယှက် ဖြစ်စေနိုင်ပါတယ်။ ဒ့ါအပြင် ရေထဲမှာပါဝင်တဲ့ ဆားဓာတ်နဲ့ ကလိုရင်းဓာတ် ပမာဏကိုလည်း အထူးဂရုပြုသင့်ပါတယ်။ ဒီဓာတ်တွေဟာ အပင်ကြီးထွားမှုကို နှေးကွေးစေပြီး စပျစ်သီးရဲ့ အရည်အသွေးကိုထိခိုက်စေနိုင်ပါတယ်။ ယေဘုယျအားဖြင့် မြေအောက်ရေက တည်နေရာပေါ်မူတည်ပြီး ချဉ်ငန်ဓာတ် ၆ ဒသမ ၅ ကနေ ၈ ဒသမ ၅ လောက်အထိ ရှိနိုင်ပါတယ်။ ကျောက်တုံးကျောက်လွှာတွေ၊ ထုံးဓာတ်များတဲ့ နေရာတွေနဲ့ အပူပိုင်းဒေသတွေကထွက်တဲ့ ရေတွေမှာတော့ အငန်ဓာတ် ပိုမိုပါဝင်နေတတ်ပါတယ်။

မြစ်ရေကတော့ သဘာဝအတိုင်းဆို ချဉ်ငန်ဓာတ် ၆ ဒသမ ၅ ကနေ ၈ လောက်အထိရှိနိုင်ပြီး မိုးရေနဲ့ရောသွားတဲ့အခါ ချဉ်ငန်ဓာတ်အနည်းငယ် ကျသွားနိုင်ပါတယ်။ သွင်းရေ (စိုက်ခင်းသွင်းရေ)ကတော့ ရေအရင်းအမြစ် (ဆည်ရေ၊ ကန်ရေ၊ မြေအောက်ရေ၊ မြစ်ရေ)ပေါ်မူတည်ပြီး ချဉ်ငန်ဓာတ်ကွဲပြားနိုင်ပါတယ်။ မြေအောက်ရေက ဒီအတိုင်းသုံးရင် များသောအားဖြင့် ငန်နေတတ်ပြီး မြစ်ရေနဲ့ သွင်းရေကတော့ တည်နေရာအပေါ်မူတည်ပြီး ချဉ်ငန်ဓာတ်ကွာခြားတတ်ပါတယ်။

### ရေကိုဓာတ်ခွဲစစ်ဆေး

ရေဟာ အပင်တွေရှင်သန်ကြီးထွားဖို့၊ အသီးအနှံတွေ ကောင်းစွာထွက်ရှိဖို့အတွက် အထူးအရေးပါတဲ့ ကဏ္ဍက ပါဝင်ပါတယ်။ အသုံးပြုမယ့် ရေရဲ့အရည်အသွေးက စိုက်ပျိုးရေးလုပ်ငန်းရဲ့ အောင်မြင်မှု ဒါမှမဟုတ် ကျရှုံးမှုကို ဆုံးဖြတ်နိုင်တဲ့ အရေးကြီးဆုံးအချက်တွေထဲက တစ်ခုဖြစ်တဲ့အတွက် မိမိစိုက်ပျိုးရေးလုပ်ငန်းမှာ အသုံးပြုမယ့်ရေကို ဓာတ်ခွဲစစ်ဆေးခြင်း (water testing)ဟာ မဖြစ်မနေဆောင်ရွက်သင့်တဲ့ လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ ရေဓာတ်ခွဲစစ်ဆေးခြင်းဟာ မမြင်နိုင်တဲ့ပြဿနာတွေကို ကြိုတင်ကာကွယ်နိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုတစ်ခုလို့ ဆိုနိုင်ပါတယ်။ ရေဓာတ်ခွဲစစ်ဆေးခြင်းဟာ အပင်တွေ ကျန်းမာစွာကြီးထွားဖို့၊ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ ကုန်ကျစရိတ်တွေကို လျှော့ချနိုင်ဖို့အတွက် မရှိမဖြစ်လိုအပ်တဲ့အဆင့်တစ်ခု ဖြစ်ပါတယ်။ ရေကို ဓာတ်ခွဲစစ်ဆေးခြင်းအားဖြင့် မိမိတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုထိရောက်အောင်၊ ရေရှည်တည်တံ့အောင် ဆောင်ရွက်နိုင်မှာ ဖြစ်ပါတယ်။

စပျစ်စိုက်ပျိုးရေးဟာ ရာသီဥတုနဲ့ သဘာဝပတ်ဝန်းကျင်အပေါ် များစွာမှီခိုနေရတဲ့ လုပ်ငန်းဖြစ်ပါတယ်။ ဒီလုပ်ငန်းမှာ စပျစ်သီးကို အရည်အသွေးကောင်းကောင်းနဲ့ အထွက်နှုန်းများများရဖို့အတွက် စပျစ်ပင်တွေကို စနစ်တကျပြုစုပျိုးထောင်ဖို့ အရေးကြီးပါတယ်။ အဲဒီလို ပြုစုပျိုးထောင်ခြင်းဟာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းရာမှာလည်း သွယ်ဝိုက်တဲ့နည်းအားဖြင့် အထောက်အကူပြုလျက်ရှိပါတယ်။ စပျစ်ပင်တွေဟာ သစ်ကိုင်းနွယ်ပင်တွေဖြစ်တာကြောင့် စနစ်တကျပြုစုပျိုးထောင်ခြင်းက သီးနှံအထွက်နှုန်းနဲ့ အရည်အသွေးအတွက် အလွန်အရေးပါပါတယ်။ စပျစ်စိုက်ပျိုးရာမှာ ဒေသ၊ ရေမြေ၊ ရာသီဥတုနဲ့ ရည်ရွယ်ချက် (စားသုံးရန်၊ ဝိုင်ပြုလုပ်ရန်) အပေါ် မူတည်ပြီး စိုက်ပျိုးနည်းစနစ်တွေ အများအပြားရှိပါတယ်။ စပျစ်စိုက်ပျိုးရာမှာ ပင်ထောင်စိုက်နည်း၊ ချုံပုတ်သဏ္ဍာန်စိုက်နည်း၊ ကြိုးတန်းတင်စိုက်နည်းနဲ့ စင်တင်စိုက်နည်းဆိုပြီး လေးမျိုးရှိပါတယ်။ မြန်မာနိုင်ငံမှာ စင်တင်စိုက်နည်းကို အများဆုံးအသုံးပြု စိုက်ပျိုးလျက်ရှိကြပါတယ်။

မြန်မာနိုင်ငံရဲ့ ရာသီဥတုနဲ့ မြေဆီလွှာအခြေအနေဟာ စပျစ်စိုက်ပျိုးဖို့အတွက် အထူးသင့်လျော်တဲ့ နေရာတွေဖြစ်ပါတယ်။ ရှေးယခင်ကတည်းက စပျစ်သီးကို လတ်လတ်ဆတ်ဆတ်စားသုံးဖို့အတွက် စိုက်ပျိုးခဲ့ကြပြီး ဒီနေ့ခေတ်မှာတော့ ဝိုင်ထုတ်လုပ်ရေးလုပ်ငန်းတွေပါ ဖွံ့ဖြိုးလာတာနဲ့အမျှ စပျစ်စိုက်ပျိုးမှုဟာလည်း ပိုမိုကျယ်ပြန့်လာပါတယ်။ လက်ရှိအချိန်မှာ မြန်မာနိုင်ငံမှာ စပျစ်သီးကို အဓိကအားဖြင့် နေပြည်တော်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့မှာ အများဆုံးစိုက်ပျိုးလျက်ရှိပါတယ်။

အထူးသဖြင့် မြန်မာနိုင်ငံရဲ့ တောင်တန်းဒေသတွေနဲ့ အလယ်ပိုင်းခြောက်သွေ့ဇုန်ရှိ မြို့နယ်တွေဟာ စပျစ်စိုက်ပျိုးရေးမှာ ပိုမိုကျော်ကြားပါတယ်။ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်နဲ့ ပင်းတယမြို့နယ်တို့ဟာ စပျစ်ခြံတွေကြောင့် နာမည်ကျော်ပြီး ဝိုင်ထုတ်လုပ်ရေးအတွက်ပါ စိုက်ပျိုးကြပါတယ်။ ချင်းပြည်နယ်မှာလည်း ဟားခါး၊ ထန်တလန်၊ ဖလမ်း၊ ရိဒ်၊ တီးတိန်နဲ့ တွန်းဇံ စတဲ့မြို့နယ်တွေမှာ စိုက်ပျိုးတာကိုတွေ့ရပြီး အလယ်ပိုင်းဒေသဖြစ်တဲ့ မကွေးတိုင်းဒေသကြီး ပခုက္ကူနဲ့ ရေနံချောင်းမြို့နယ်တို့မှာလည်း စိုက်ပျိုးကြပါတယ်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၊ ကယားပြည်နယ် ဖရူဆိုမြို့နယ်တို့မှာလည်း စိုက်ပျိုးကြပါတယ်။ စပျစ်သီးကို မန္တလေးတိုင်းဒေသကြီးမှာ အဓိကစိုက်ပျိုးကြပြီး ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာ၊ မတ္တရာ၊ စဉ့်ကူးမြို့နယ်တွေမှာ စီးပွားဖြစ် စိုက်ပျိုးကြပါတယ်။ ဒီဒေသတွေမှာ စပျစ်သီးစားသုံးဖို့အတွက်ရော ဝိုင်ထုတ်လုပ်ဖို့အတွက်ပါ စိုက်ပျိုးကြပါတယ်။ အဲဒီကထွက်ရှိတဲ့ စပျစ်သီးတွေဟာ တစ်နိုင်ငံလုံးကို ဖြန့်ဖြူးပေးနေတာကြောင့် စီးပွားရေးအရ အဓိကကျတဲ့ဒေသတွေ ဖြစ်ပါတယ်။

### အလယ်ပိုင်းဒေသတွေဟာ စပျစ်စိုက်ပျိုးဖို့အတွက် အကောင်းဆုံးနေရာတွေဖြစ်

မြန်မာနိုင်ငံဟာ ပထဝီအနေအထားအရ မုတ်သုံရာသီဥတုအမျိုးအစားကို ပိုင်ဆိုင်ထားပြီး အဓိကအားဖြင့် ပူပြင်းတဲ့နွေရာသီ၊ မိုးများတဲ့မိုးရာသီနဲ့ အေးမြတဲ့ဆောင်းရာသီဆိုပြီး ရာသီဥတု သုံးမျိုးကို တွေ့ကြုံခံစားရပါတယ်။ ဒီရာသီဥတုအမျိုးအစားတွေထဲကမှ မြန်မာနိုင်ငံရဲ့ အပူပိုင်းဒေသတွေဖြစ်တဲ့ အလယ်ပိုင်းဒေသတွေဟာ စပျစ်စိုက်ပျိုးဖို့အတွက် အကောင်းဆုံးနေရာတွေ ဖြစ်ပါတယ်။ စပျစ်ပင်တွေ ရှင်သန်ကြီးထွားဖို့အတွက် နေရောင်ခြည်နဲ့ ရေလိုအပ်ချက်က အရေးကြီးပါတယ်။

အပူပိုင်းဒေသတွေမှာ နေရောင်ခြည်ရရှိမှုများပြားပြီး စပျစ်ပင်ရဲ့ အစာချက်လုပ်မှုဖြစ်စဉ် (Photo- synthesis)ကို အားကောင်းစေပါတယ်။ နေရောင်ခြည်အလုံအလောက် ရရှိတဲ့အတွက် စပျစ်သီးမှာ သကြားဓာတ်ပါဝင်မှု ပိုမိုမြင့်မားစေပြီး အရသာက ပိုမိုချိုမြိန်လာပါတယ်။ ဒါကြောင့် အပူပိုင်းဒေသက စပျစ်သီးတွေဟာ အရသာ ပိုမိုကောင်းမွန်ပါတယ်။ မြန်မာနိုင်ငံရဲ့ အပူပိုင်းဒေသတွေဟာ နေရောင်ခြည် အလုံအလောက်ရရှိမှု၊ ရေကို စနစ်တကျစီမံခန့်ခွဲနိုင်မှုနဲ့ ရောဂါကျရောက်နိုင်ခြေနည်းပါးမှု စတဲ့အားသာချက်တွေကြောင့် စပျစ်စိုက်ပျိုးဖို့အတွက် အကောင်းဆုံးနေရာတွေ ဖြစ်နေပါတယ်။ ဒါကြောင့်လည်း မန္တလေးတိုင်းဒေသကြီး မိတ္ထီလာ၊ ရမည်းသင်းမြို့နယ်တွေလို မိုးနည်းရေရှားတဲ့ဒေသတွေမှာ စပျစ်စိုက်ပျိုးမှုက အောင်မြင်နေတာပဲ ဖြစ်ပါတယ်။

စပျစ်စိုက်ပျိုးခြင်းဟာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအတွက် အရေးပါတဲ့လုပ်ငန်းတစ်ခုဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရာမှာလည်း အရေးပါတဲ့အခန်းကဏ္ဍကနေ ပါဝင်နေတဲ့အတွက် ရေရှည်တည်တံ့တဲ့ စိုက်ပျိုးရေးနည်းစနစ်တွေကို အသုံးပြုခြင်းဖြင့် စပျစ်သီးနှံဟာ မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးကဏ္ဍပိုမိုတိုးတက်လာစေဖို့ အထောက်အကူပြုစေနိုင်ပါတယ်။ ဒါကြောင့် ကျေးလက်ဒေသတွေမှာ စပျစ်စိုက်ပျိုးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေဖို့နဲ့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို ဦးတည်တဲ့ စိုက်ပျိုးနည်းစနစ်တွေကို လိုက်နာကျင့်သုံးခြင်းအားဖြင့် သဘာဝပတ်ဝန်းကျင် အရည်အသွေး ပိုမိုတိုးတက်ကောင်းမွန်လာပြီး သာယာပျော်ရွှင်တဲ့ လူမှုဘဝကို ဖန်တီးပေးနိုင်စေဖို့ ရည်ရွယ်ရေးသားလိုက်ရပါတယ်။ ။

> **“ စပျစ်သီးစိုက်ပျိုးရေးဟာ ဒေသခံလူမှုအဖွဲ့အစည်းတွေအတွက် စီးပွားရေး အခွင့်အလမ်းတွေ ဖန်တီးပေးပါတယ်။ စပျစ်ခြံတွေ၊ ဝိုင်ချက်စက်ရုံတွေဟာ ဒေသခံတွေအတွက် အလုပ်အကိုင်တွေ ဖန်တီးပေးရုံသာမက ကမ္ဘာလှည့် ခရီးသွားလုပ်ငန်းကိုပါ မြှင့်တင်ပေးပါတယ်။ ကမ္ဘာလှည့်ခရီးသည်တွေဟာ နာမည်ကြီးဝိုင်ခြံတွေကို သွားရောက်လေ့လာပြီး စပျစ်စိုက်ပျိုးခြင်းနဲ့ ဝိုင်ထုတ်လုပ်ခြင်းအနုပညာကို လေ့လာကြပါတယ်။ ဒီလိုလုပ်ငန်းတွေကြောင့် စပျစ်စိုက်ပျိုးသူတွေရဲ့ စီးပွားရေးတိုးတက် ”**




## ၂၀၂၅ ခုနှစ်၊ မြန်မာနိုင်ငံလူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ရည်ရွယ်ချက် (၄) ရပ်

- ❖ လူကုန်ကူးမှု တိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- ❖ လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- ❖ လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- ❖ လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။



# ဝေါမြို့နယ်၌ အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ကျင်းပ

ဝေါ စက်တင်ဘာ ၉

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၅ ခုနှစ် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား အသက် (၂၅)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၈ ရက်က မြို့နယ်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသီဟထွန်းက အမှာစကားပြောကြားပြီး အဖွင့်ပွဲစဉ်အနေဖြင့် ကျိုက်လှတိုက်နယ် အမျိုးသမီးဘောလုံးအသင်းနှင့် မြစ်ကျိုးတိုက်နယ် အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကြရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများ တက်ရောက်အားပေးကြသည်။

အဆိုပါ အမျိုးသမီးဘောလုံးပြိုင်ပွဲကို မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများအား တိုက်နယ်ခြောက်ခုခွဲကာ အသင်းခြောက်သင်း ယှဉ်ပြိုင်ရာ စက်တင်ဘာ ၈ ရက်မှ ၂၀ ရက်အထိ ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

**✷ MNL မှ**

လက်ကျန်ပွဲများတွင် နိုင်ပွဲရရှိအောင် အားထည့်ကစားလျက်ရှိသည်။ နိုင်ပွဲဆက်နေသည့် Falcon အသင်းမှာမူ ရှုံးပွဲပြန်တွေ့ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် ဂိုးများကို ရှစ်မိနစ်တွင် ထက်ရှိုင်းအောင်၊ ၆၁ မိနစ်တွင် ခွန်မြတ်ဆွေတို့က သွင်းယူပြီး Falcon အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၇၁ မိနစ်တွင် မြင့်မြတ်ကိုကိုက ပင်နယ်တီမှတစ်ဆင့် သွင်းယူခဲ့သည်။

ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းက မဟာယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ချန်ပီယံဆုအတွက် အမှားမခံတော့သည့်အချိန်တွင် ဒဂုံစတားယူနိုက်တက်အသင်း အမှားအယွင်းမရှိ အမှတ်ပြည့်ယူခဲ့ပြီး အား/ကာသိပ္ပံကို ဖိအားပေးလျက်ရှိသည်။ ဒဂုံစတားအသင်းအတွက် ဂိုးများကို ၃၊ ၃၇ မိနစ်တွင် စောအောင်မျိုးမင်းသိန်း၊ မိနစ် ၂၀ တွင် ဖိုးသောကြာ၊ ၇၉ မိနစ်တွင် ဆုမင်းအောင်တို့က သွင်းယူပြီး မဟာယူနိုက်တက်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၄ မိနစ်တွင် ပင်နယ်တီမှတစ်ဆင့် ဇော်မင်းသန့်က သွင်းယူခဲ့သည်။ YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက Dagon Port အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၂၅ မိနစ်တွင် ခွန်းချိုထူးနှင့် မိနစ် ၄၀ တွင် လမင်းပြည့်စုံက သွင်းယူသည်။

ပွဲစဉ် (၁၉) နောက်ဆုံးနေ့ကို စက်တင်ဘာ ၁၀ ရက်တွင် ဗဟန်းမြက်ခင်းတုကွင်း၌ ဆက်လက်ကျင်းပမည်ဖြစ်ပြီး ဟံသာဝတီယူနိုက်တက်အသင်းနှင့် အား/ကာသိပ္ပံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-ချစ်ကိုကို၊ ဓာတ်ပုံ-MNL**

# ကွင်းပိတ်ခြေစမ်းပွဲတွင် မြန်မာနှင့် စင်ကာပူ သရေကျ

ရန်ကုန် စက်တင်ဘာ ၉

စက်တင်ဘာ နိုင်ငံတကာရက်သတ္တပတ်တွင် စင်ကာပူလက်ရွေးစင်အသင်းနှင့် မြန်မာ့လက်ရွေးစင်အသင်းသည် စက်တင်ဘာ ၉ ရက်က စင်ကာပူနိုင်ငံရှိ ဂျလန်ဘီဆာကွင်း၌ ကွင်းပိတ်ခြေစမ်းပွဲကစားရာ တစ်ဂိုးစီသရေကျခဲ့သည်။

နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် ညှိနှိုင်းမှုအရ ပရိသတ်မပါဘဲ ယှဉ်ပြိုင်ကစားခြင်းဖြစ်ပြီး ရလဒ်ပိုင်းသာ ထုတ်ပြန်ခြင်းဖြစ်သည်။ မြန်မာအသင်းနှင့် စင်ကာပူအသင်းသည် ၂၀၂၄ ခုနှစ် နိုဝင်ဘာလတွင် ခြေစမ်းပွဲကစားပြီးနောက် ၁၀ လဝန်းကျင်အကြာတွင် ခြေစမ်းပွဲထပ်မံကစားခြင်းဖြစ်ပြီး ယခုအကြိမ် တွေ့ဆုံမှုတွင် သရေကျခဲ့သည်။

မြန်မာအသင်း ပွဲထွက်လူစာရင်းတွင် ဇင်ညီညီအောင် (ဂိုး)၊ သက်ဟိန်းစိုး၊ စိုးမိုးကျော်၊ နန္ဒကျော်၊ သီဟထက်အောင်၊ ဝေလင်းအောင်၊ လွင်မိုးအောင်၊ ဟိန်းဖြိုးဝင်း၊ သီဟဇော်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ ပါဝင်ခဲ့ပြီး ဒုတိယပိုင်းအစတွင် သက်ဟိန်းစိုး၏ ဂိုးဖြင့် ဦးဆောင်နိုင်ပြီးမှ ချေပဂိုးပြန်ပေးခဲ့ရခြင်းဖြစ်သည်။

မြန်မာနှင့် စင်ကာပူအသင်းသည် အောက်တိုဘာလတွင် ယှဉ်ပြိုင်ရမည့် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် ခြေစမ်းပွဲကစားခြင်းဖြစ်သည်။


မြန်မာအသင်းနှင့် စင်ကာပူအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

**သတင်း-ထွဏ်းသွေးအိမ်၊ ဓာတ်ပုံ-FAS**

# လှည်းကူးမြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားကျင်းပ

လှည်းကူး စက်တင်ဘာ ၉

ရန်ကုန် တိုင်းဒေသကြီး လှည်းကူးမြို့နယ်တွင် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အင်းတိုင်၌ ကျင်းပသည်။



ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ အဖွဲ့ဝင် ဦးခင်ဇော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်အေးအေးနွဲ့က လူငယ်များ ဗလငါးတန် ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု ပြုလုပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ကျောင်းစာကြည့်တိုက်အတွက် သုတ/ရသစာအုပ်များ လှူဒါန်းသည်။ ထို့နောက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက အိုဇုန်းလွှာ ကာကွယ်ရေး အသိပညာပေး ဟောပြောသည်။

အခမ်းအနားတွင် လူငယ်စကားဝိုင်း၊ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ အသိပညာပေး နံရံကပ်စာစောင်နှင့် စာအုပ်ပြပွဲများ၊ စိတ်ကြိုက် ပန်းချီဆွဲပြိုင်ပွဲနှင့် စကားပုံဆက် ပြိုင်ပွဲများကို ထည့်သွင်းကျင်းပရာ ကျောင်းသားကျောင်းသူများက ပါဝင်ဆင်နွှဲခဲ့ကြပြီး ပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် စက်တင်ဘာ ၉**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျောက်တန်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်သန်လျင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးကြူ၊ ကျောက်တန်းမြို့နယ် ဦးစီးမှူး ဦးထွန်းဝင်းလတ်နှင့် တာဝန်ရှိသူများက ပြည်ထောင်စုရန်ပုံငွေကျပ် ၃၉၉ ဒသမ ၄၂၁ သန်းဖြင့် ကန်ပြောင်ကျေးရွာ၌ ကုန်ထုတ်လမ်းတံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ တိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ် ၄၈၂ ဒသမ ၁၂ သန်းဖြင့် ကုလားတန်း-ကရင်ချောင်-ဖွဲကနာကျေးရွာကုန်ထုတ်လမ်းတံတား တည်ဆောက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အဒ္ဓတွော ကျေးရွာ၌ မြစိမ်းရောင်စီမံကိန်း အတိုးရငွေကျပ် ၁၀ ဒသမ ၃ သန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၃ သန်း စုစုပေါင်း ငွေကျပ် ၁၃ ဒသမ ၃ သန်းဖြင့် ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံ၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄/၃)၊ မြေကွက်အမှတ်(၂၅/၂)၊ မြေကွက်တည်နေရာအမှတ်(၂၅/၂)၊ ခွာညိုလမ်း၊ (၁၄/၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဒေါ်ငွေငွေလွင် [၁၂/ဥကတ(နိုင်)၁၀၅၂၈၂]၊ ဒေါ်ခင်ခင်မိုး [၁၂/ဥကတ (နိုင်) ၁၀၅၂၈၃] နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်ငွေငွေလွင် [၁၂/ဥကတ (နိုင်) ၁၀၅၂၈၂]၊ ဒေါ်ခင်ခင်မိုး [၁၂/ဥကတ (နိုင်) ၁၀၅၂၈၃]တို့ (၂)ဦးကိုယ်တိုင်မှ ဂရန်မီးလောင်ပျက်စီးကြောင်း ကျမ်းကျိန်လွှာ အမှတ်-၁၀၁/၂၀၂၄ (၂၇-၅-၂၀၂၄)၊ ဂရန်မီးလောင်ပျက်စီးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ကိုယ်တိုင်ဝန်ခံချက်၊ နိုင်/ကတ်၊ အိမ်ထောင်စုစာရင်း၊ ဝန်ဆောင်ခတို့တင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာမှုအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃) ဆည်မြောင်းလမ်းနှင့်စိုက်ပျိုးရေး(၄)လမ်းထောင့်၊ မြေကွက်အမှတ်(၅၇၇) ဧရိယာ (၄၁x၆၀)ပေရှိသည့် နှစ်(၆၀) မြေငှားဂရန်တွင် ဦးတင့်ဆွေ (WAW-၀၂၇၁၄၁) [၁၂/ဥကတ(နိုင်)၁၀၆၄၁၁]အမည်ပေါက် မြေကွက်နှင့် နေအိမ်အရောင်းအဝယ်ပြုလုပ်ခြင်းကိုကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါအိမ်ခြံမြေကို နှစ်(၆၀)မြေငှားဂရန်တွင် အမည်ပေါက်သူ ဦးတင့်ဆွေက တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းစွာ လက်ဝယ်ထားရှိ ပိုင်ဆိုင်ကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်ဝင်း [၁၂/တကန(နိုင်)၀၀၆၇၇၅]က အပြီးအပိုင်ဝယ်ယူရန် (စရန်ငွေ) များ ပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါ အိမ်ခြံမြေနှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇) ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အိမ်ခြံမြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထက်ထက်ပိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၄၆/၂၀၁၄)**
**အမှတ်(၂၅၅)၊ မင်းရဲကျော်စွာ(၂)လမ်း(က)၊ (၇)ရပ်ကွက်၊**
**တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၃၁၉၈၄၁၈၊ ၀၉-၂၆၂၃၇၇၇၅၁**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ မင်္ဂလာလမ်း၊ အမှတ်(၉၄)ဟုခေါ်တွင်သော နှစ်(၆၀)ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားရှိသော (၂)ခန်းတွဲ (၈ ထပ်တိုက်)+ lift ပါ အဆောက်အဦ၏ စတုတ္ထထပ် (၅ လွှာ)၊ အခန်းအမှတ် (5-B) ဟုခေါ်တွင်သည့် တိုက်ခန်း(၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် ဆက်စပ်ပတ်သက်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိထားပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံသူ ဒေါ်အေးဇာနည် [၁၂/ဗဟန(နိုင်)၀၈၇၂၉၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါရောင်းချမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသည့်အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်ဇာလွင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၅၀၈)**
**အမှတ်-၃၃/၄၉၊ အခန်း(၃၈)၊ Strand Condo (ပ)ထပ်၊**
**မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၄၃၁၄၄၆၆၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၇/ မြို့မအနောက်ရပ်၊ ဇဝနဒီပရပ်ကွက်မှ မြေဧရိယာ(၀.၀၅၅)ဧကရှိ ဦးစိန်ဝင်း မှတ်ပုံတင်အမှတ် [၉/မသန(နိုင်)၀၀၃၇၂၈]၊ အဖအမည် ဦးမြစိန် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အမှတ်(ပ-၃၀၆၉၄)ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်- ၂၇၄၁/၂၀၂၃(၁၄-၈-၂၀၂၃)ဖြင့် မြေကွက်အမည်ပေါက်၏ အထူးကိုယ်စားလှယ်လွှဲစာရရှိထားသူ ဦးစိုးဝင်း၊ မှတ်ပုံတင်အမှတ် [၉/လဝန(နိုင်)၂၁၅၁၀၄]၊ အဖအမည် ဦးဖိုးဆိတ်မှ ဒေါ်ဇာဇာလတ် မှတ်ပုံတင်အမှတ် [၉/ပမန(နိုင်)၂၄၂၅၇၉] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

